

# ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ )

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | – | စာအုပ်အမှတ်စဉ် ( ၈၇ /၂၀၂၅ ) |
| ထုတ်ဝေသည့်ခုနှစ် | – | ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| အုပ်ရေ | – | ၁၀၀၀ အုပ် |
| ပုံနှိပ် | – | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for Elimination of Violence

1. **Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.**
2. **Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.**
3. **Giving information secretly to the authorities on terrorists and on the possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.**

# ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ

## ( ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ )

# မာတိကာ


– အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ် ၅

**မိန့်ခွန်းများ**

၁။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ် "Chaldony" State Song and Dance Ensemble အဖွဲ့မှ တင်ဆက်သည့် ဖျော်ဖြေပွဲတွင် ပြောကြားခဲ့သည့် အမှာစကား ၇

၂။ လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၁၀

၃။ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဗဟို၏ (၇၅)ကြိမ်မြောက် စိန်ရတု (၃၈)ဖြာမင်္ဂလာ တရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၁၄

၄။ ဘားအံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား ၁၈

၅။ မွန်ပြည်နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများ ဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား ၂၄

၆။ အရှေ့တောင်တိုင်း စစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ပြောကြားသည့် အမှာစကား ၂၉

၇။ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစား အဖွဲ့အား အောင်နိုင်ရေးအလံ အပ်နှင်းပွဲအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း ၃၁

၈။ ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၃၅

၉။ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၃၉

| | | |
|---|---|---|
| ၁၀။ | မအူပင်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား | ၄၄ |
| ၁၁။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E Mr. Aleksandr Lukashenko အား ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို၊ တွေ့ဆုံဆွေးနွေး | ၄၇ |
| ၁၂။ | မြန်မာ–ဘယ်လာရုစ် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲတွင် ပြောကြားသည့် ကြိုဆိုနှုတ်ခွန်းဆက်စကား | ၄၉ |
| ၁၃။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E Mr. Aleksandr Lukashenko တို့ နှစ်နိုင်ငံပူးတွဲကြေညာချက်ကို ရှင်းလင်းပြောကြားသည့် အမှာစကား | ၅၂ |
| ၁၄။ | ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (၃၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက်စဉ် ပြောကြားသည့် အမှာစကား | ၅၇ |
| ၁၅။ | ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက်(ရန်ကုန်) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း | ၆၂ |


သဝဏ်လွှာ


| | | |
|---|---|---|
| ၁။ | နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ | ၆၇ |
| ၂။ | ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာ | ၇၀ |


■ ■ ■

# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏
# ဦးတည်ချက် (၄) ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ် “Chaldony” State Song and Dance Ensemble အဖွဲ့မှ တင်ဆက်သည့် ဖျော်ဖြေပွဲတွင် ပြောကြားသည့် အမှာစကား

( ၄ - ၁၁ - ၂၀၂၅ )



ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသမှ နိုဗိုစီဗစ် “Chaldony” State Song and Dance Ensemble အဖွဲ့မှ “မဟာရုရှားနှင့် ဆိုက်ဘေးရီးယား” အမည်ရသည့် ပဒေသာကပွဲကို နိုဝင်ဘာလ ၄ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၁)(MICC–1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E. Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ “မဟာရုရှားနှင့် ဆိုက်ဘေးရီးယား” အမည်ရသည့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားကို နှစ်နိုင်ငံ နိုင်ငံတော်

သီချင်းများဖွင့်လှစ်ကာ အလေးပြု၍ ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသမှ ထင်ရှားသည့် "Chaldony" State Song and Dance Ensemble အဖွဲ့က တင်ဆက်မည့် ဖျော်ဖြေပွဲတွင် အားလုံးကို ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် ယနေ့နေ့လယ်ခင်းသည် အဓိပ္ပာယ်ပြည့်ဝပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် အချိန်အခါလည်း ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ယဉ်ကျေးမှု ပညာရေးနှင့် အနုပညာအပါအဝင် ကဏ္ဍပေါင်းစုံ၌ အပြန်အလှန် လေးစားမှု နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် အခြေခံပြီး ခိုင်မြဲသည့် သံတမန်ဆက်ဆံမှုကို တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း (၇၇)နှစ် ပြည့်မြောက် ကျော်လွန်လာခဲ့ပြီဖြစ်ကြောင်း။

ကာကွယ်ရေး၊ ပညာရေး၊ သိပ္ပံ၊ နည်းပညာ၊ ကျန်းမာရေးနှင့်ယဉ်ကျေးမှုအပါအဝင်နယ်ပယ်များစွာ၌ အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် အခြေခံပြီး မိမိတို့နှစ်နိုင်ငံသည် ဆယ်စုနှစ်များစွာ ကြာရှည်ခိုင်မာသည့် ဆက်ဆံရေးကို တည်ဆောက်ထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း နိုဗိုစီဗစ်နှင့် မြန်မာအကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

၂၀၂၅ ခုနှစ် မတ်လအတွင်း မိမိအနေဖြင့် ရုရှားနိုင်ငံကို သွားရောက်ခဲ့သည့် ခရီးစဉ်၌ အဆွေတော်နှင့် တွေ့ဆုံခဲ့စဉ် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်နိုင်ရေး ဖိတ်ကြားခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ သာယာလှပမှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ကိုယ်တိုင်ကိုယ်ကျ ခံစားရှုမြင်ပြီးဖြစ်သည်ဟု ယုံကြည်ကြောင်း။

နိုဗိုစီဗစ်ဒေသ ကိုယ်စားလှယ်ပါဝင်လာသည့်အဖွဲ့တွင် "Chaldony" State Song and Dance Ensemble ၏ ယနေ့ဖျော်ဖြေပွဲမှတစ်ဆင့် နိုဗိုစီဗစ် ဒေသ၏ အနုပညာရသနှင့် ဆိုက်ဘေးရီးယန်း အနုပညာများကို မိမိတို့မြန်မာများ ကြည့်ရှုခံစားနိုင်ရုံသာမက နှစ်နိုင်ငံ ပြည်သူများအချင်းချင်းအကြား ခိုင်မြဲသည့် ချစ်ကြည်ရင်းနှီးမှုကိုလည်း ထပ်လောင်းအတည်ပြုနိုင်မည်ဖြစ်ကြောင်း။

အနုပညာဆိုသည်မှာ လူသားတို့၏ ယဉ်ကျေးမှုနှင့် စိတ်ဝိညာဉ်ကို ဖော်ပြလျက်ရှိကြောင်း၊ အနုပညာသည် အတားအဆီးအားလုံးကို ကျော်ဖြတ်ပြီး အလှတရား၊ သဟဇာတဖြစ်မှုနှင့် ငြိမ်းချမ်းမှုတို့ကို မျှဝေခံစားစေခြင်းဖြင့် လူသားအားလုံးကို ချစ်ကြည်ရင်းနှီးမှုဖြင့် ပေါင်းစည်းပေးပါကြောင်း၊ ထို့ကြောင့် ယနေ့ဖျော်ဖြေပွဲသည် ယဉ်ကျေးမှုဖလှယ်ရေး၊ ဖျော်ဖြေရေးသက်သက်သာမဟုတ်ဘဲ မိမိတို့နှစ်နိုင်ငံအကြား နွေးထွေးရင်းနှီးသည့် ဆက်ဆံရေးကို များစွာအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း။

ထို့ကြောင့် အားလုံးအတွက် တေးဂီတ၊ ခင်မင်မှု၊ ပျော်ရွှင်မှုများဖြင့် ပြည့်နှက်နေသည့် မင်္ဂလာအချိန်အခါဖြစ်ပါစေဟု ဆုတောင်းလိုက်ပါကြောင်း၊ ယနေ့ဖျော်ဖြေပွဲမှသည် ရှေ့ဆက်၍ မိမိတို့ဒေသများအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုအတွက် စိတ်အားထက်သန်မှုများကို ထပ်လောင်းအားဖြည့်နိုင်ပါစေကြောင်းနှင့် မြန်မာနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသတို့အကြား ကောင်းမွန်ခိုင်မာပြီး နောင်မျိုးဆက်သစ်များစွာတိုင် ဆက်လက်ရှင်သန် ထွန်းကားပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးက နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားရာတွင် နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားမှုအရ ယခုကဲ့သို့ ထူးခြားလှပသည့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခွင့်ရရှိသည့်အတွက် စိတ်ရင်းမှန်ဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ ဆိုက်ဘေးရီးယားလူမျိုးများကို ဧည့်ဝတ်ကျေပွန်စွာ ကြိုဆိုဧည့်ခံမှု၊ မိမိတို့၏ ယဉ်ကျေးမှုနှင့် အနုပညာအပေါ် စိတ်ဝင်စားမှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဘာသာရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များသည် ကြွယ်ဝ

မှုနှင့် နက်ရှိုင်းမှုတို့၌ ထင်ရှားပေါ်လွင်အံ့သြဖွယ်ရာဖြစ်ပြီး ယခုကဲ့သို့ကြွယ်ဝမှုများသည် မြန်မာနိုင်ငံသားတို့၏ ရိုးသားပွင့်လင်းမှုများကို တွေ့မြင်စေရပါကြောင်း၊ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ၏ နယ်မြေပေါ်တွင် လူမျိုးပေါင်း တစ်ရာကျော်မျှ နေထိုင်ကြသော်လည်း မိမိတို့အားလုံး သည် တူညီသော သမိုင်းကြောင်းနှင့် တူညီသော ကံကြမ္မာ တို့ဖြင့် စည်းလုံးညီညွတ်လျက်ရှိပါကြောင်း။

"Chaldony" ဟူသော အမည်သည် မိမိတို့နိုင်ငံ၏ သမိုင်းနှင့် နက်ရှိုင်းစွာ ဆက်စပ်နေပြီး ရှေးဟောင်း ဆိုက်ဘေးရီးယားလူမျိုးများ၊ ရုရှားလူမျိုးများ၊ ဆိုက် ဘေးရီးယား၏ ပထမဆုံးအောင်နိုင်သူများကို ကိုယ်စား ပြုပါကြောင်း၊ အဆိုပါအဖွဲ့ဟာ ရိုးရာဓလေ့များကို ဂရုတစိုက် ထိန်းသိမ်းပြီး ဆိုက်ဘေးရီးယား၏ သီချင်းနှင့် ဂီတ အမွေအနှစ်ကို ကိုယ်စားပြုပါကြောင်း၊ ယနေ့တွင် မိမိတို့ အနေဖြင့် မြန်မာနိုင်ငံ၌ ဂုဏ်ယူစွာ ဖျော်ဖြေတင်ဆက် ပေးမည်ဖြစ်ပြီး ဆိုက်ဘေးရီးယား ယဉ်ကျေးမှု၊ အနုပညာ နှင့် အပျော်ရွှင်ဆုံး ရင်းနှီးမှုရရှိပါစေရန် ဆုတောင်းအပ် ပါကြောင်း ပြောကြားသည်။

■ ■ ■

# လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

## ( ၇ - ၁၁ - ၂၀၂၅ )





တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို နိုဝင်ဘာလ ၇ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်လေတပ်စခန်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ တပ်မတော်(လေ)မှအရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

### မြန်မာ့ဝေဟင်ပိုင်နက် စိုးမိုးလုံခြုံရေး

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ၁၅ နှစ်တာ ကာလအတွင်း တပ်မတော်ပိုင် လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားများကို ၁၅ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပြီး လေယာဉ်/ရဟတ်ယာဉ်များ တပ်မတော်(လေ)သို့ အင်အားဖြည့်တင်းပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ရှိပြီးသား လေယာဉ်/ရဟတ်ယာဉ်များကိုလည်း စွမ်းရည် ပိုမိုတိုးတက်ကောင်းမွန်စေရန် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ လေယာဉ်/ ရဟတ်ယာဉ်များ အသစ်ထပ်မံဖြည့်တင်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာဖြစ်စေခဲ့သည့်အပြင် မြန်မာ့ဝေဟင်ပိုင်နက် စိုးမိုးလုံခြုံရေးကိုလည်း ပိုမိုခိုင်မာကောင်းမွန်စေခဲ့ကြောင်း။

တပ်မတော်(လေ) အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ပြည့်ဝအောင်မြင်စွာ ထမ်းဆောင်နိုင်ရန်အတွက် သယ်ယူပို့ဆောင်ရေး လေယာဉ်/

ရဟတ်ယာဉ်များသည် အရေးပါသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ သဘာဝဘေးရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သယ်ယူပို့ဆောင်ရေး လေယာဉ်/ ရဟတ်ယာဉ်များသည် နည်းလမ်းအမျိုးမျိုးဖြင့် အထောက်အကူပြု စွမ်းဆောင်ပေးနိုင်သည်ကို ထင်ရှားစွာတွေ့မြင်နေရကြောင်း။

ယနေ့ တပ်တော်ဝင်ပေးမည့် သယ်ယူပို့ဆောင်ရေးလေယာဉ်/ရဟတ်ယာဉ်များသည် ယခုပြောခဲ့သည့် လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်အောင်မြင်စွာ ထမ်းဆောင်စေနိုင်ရန် စွမ်းဆောင်ပေးနိုင်မည်ဖြစ်သည့်အတွက် တပ်မတော်အတွက်သာမက နိုင်ငံတော်နှင့် ပြည်သူလူထုအတွက်ပါ အကျိုးကျေးဇူးများစွာဆောင်ကြဉ်းပေးလာမည်ဖြစ်သည်ကို ပြောကြားလိုကြောင်း၊ ထိုသို့ စက်မှုလက်မှုအကျိုးကျေးဇူးများ ရရှိလာစေရန် တပ်မတော်(လေ)တွင်ရှိသည့် လေသူရဲနှင့် လေယာဉ်သားများ၊ ပညာရှင်များ၊ အုပ်ချုပ်ထောက်ပံ့မှု တာဝန်ရှိသူများကလည်း တပ်တော်ဝင်ဖြည့်ဆည်းပေးထားသည့် လေယာဉ်/ ရဟတ်ယာဉ်များနှင့် အထောက်အကူပြုစနစ်များကို ကျွမ်းကျင်စနစ်ကျစွာ ပျံသန်းအသုံးပြုကြရန်၊ မိမိကျရာတာဝန်ကို ကျေကျေပွန်ပွန် အောင်အောင်မြင်မြင်ဖြင့် အစွမ်းကုန်ထမ်းဆောင်ကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း။

လတ်တလောကာလ နိုင်ငံတကာတွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများသာမက ပြည်တွင်းတွင် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် အခြေအနေအရပ်ရပ်များတွင်ပါ လေယာဉ်/ ရဟတ်ယာဉ်များ၊ ဒရုန်းနှင့် ယူအေဗွီများအပါအဝင် လေကြောင်းစွမ်းအားအရင်းအမြစ်များသည် မရှိမဖြစ်လိုအပ်လာသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံအသီးသီးသည် လေတပ်အပါအဝင် လေကြောင်းစွမ်းအားထုတ်လုပ်ဖြန့်ကြက်ပေးနိုင်သည့်တပ်ဖွဲ့အမျိုးမျိုးကိုအင်အားတိုးတက်ရုံသာမက ခေတ်မီအဆင့်မြင့်စေရန်အတွက်ပါ တတ်စွမ်းသမျှ ကြိုးပမ်းလုပ်ဆောင်နေကြကြောင်း၊ တစ်ဖက်တွင်လည်း Non–State Actor များဖြစ်သည့် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းများ၊ ဝိသမစီးပွားရှာလိုသည့်အဖွဲ့အစည်းများသည်လည်း လေကြောင်းဆိုင်ရာ အရင်းအမြစ်များကို ပိုင်ဆိုင်အသုံးပြုလာနိုင်အောင် ကြိုးပမ်းနေကြသည်ကို လေ့လာတွေ့ရှိရကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် ပထဝီတည်နေရာအရ အချက်အချာကျသည့်နေရာတွင် တည်ရှိနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံကြီးနှစ်ခုအကြားတွင် တည်ရှိနေသည့်အပြင် တောင်အာရှနှင့် အရှေ့တောင်အာရှကို ဆက်စပ်ပေးထားသည့် နေရာဒေသလည်းဖြစ်ကြောင်း၊ ရေကြောင်းအနေဖြင့် ကြည့်ပါကလည်း ဖြတ်သန်းသွားလာမှုအများဆုံး ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းကြောင်းများနှင့် နီးကပ်စွာ တည်ရှိနေကြောင်း၊ မိမိကိုယ်ပိုင်အနေဖြင့်လည်း သဘာဝသယံဇာတအမျိုးမျိုး ပေါကြွယ်ဝသည့် ရေပြင်ပိုင်နက်နှင့် သီးသန့်စီးပွားရေးဇုန်တို့ကို ကျယ်ပြန့်စွာ ပိုင်ဆိုင်ထားကြောင်း၊ ပြည်တွင်း ပထဝီအနေအထားကလည်း တောတောင်ထူထပ်ပြီး မြစ်ချောင်းအင်းအိုင်များ ပေါများစွာ တည်ရှိနေသည့်အတွက် သာမန်သွားလာကူးသန်းရန် အကန့်အသတ်များရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ပထဝီနိုင်ငံရေးအရရော နိုင်ငံရေး ပထဝီအခြေအနေအရပါ ထူးခြားသည့် အခြေအနေများ ပိုင်ဆိုင်ထားသည့် မိမိတို့နိုင်ငံအနေဖြင့် ယခုအခြေအနေများထဲ မိမိနိုင်ငံအတွက် ကောင်းကျိုးများ အပြည့်အဝရရှိခံစား အသုံးချနိုင်ရန် လေကြောင်းစွမ်းအားသည်မရှိမဖြစ် လိုအပ်သည့်အပြင် အင်အားကောင်းမွန်စေရန်၊ ခေတ်မီအဆင့်မြင့်စေရန် မဖြစ်မနေ ကြိုးပမ်းတည်ဆောက်ရမည် ဖြစ်ကြောင်း၊ တပ်မတော်(လေ)သည် မိမိတို့နိုင်ငံ၏ လေကြောင်းစွမ်းအားအရင်းအမြစ်များအနက် အဓိကကျသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်(လေ) အင်အားတောင့်တင်းခိုင်မာစေရေးနှင့်ခေတ်မီစေရေးအတွက် ရေတိုရေရှည် တွက်ဆဆောင်ရွက်ပေးလျက်ရှိကြောင်း။

လေကြောင်းစွမ်းအားအရင်းအမြစ်များသည်နည်းပညာတိုးတက်ပြောင်းလဲမှုအပေါ် အဓိကတည်မှီနေသည်မှာ အထင်အရှားပင်ဖြစ်ကြောင်း၊ တပ်မတော်(လေ)အနေဖြင့် စွမ်းဆောင်ရည် အစဉ်ကောင်းမွန်နေရန် နည်းပညာတိုးတက်ပြောင်းလဲနေမှုကို မျက်ခြည်မပြတ် လေ့လာအကဲခတ်နေရမည်ကို သတိပေးပြောကြားလိုကြောင်း။

**စဉ်ဆက်မပြတ် ဆောင်ရွက်နေရမည်**

အရည်အသွေးမြင့်မားကောင်းမွန်သည့် လေယာဉ်/ ရဟတ်ယာဉ်များ ပိုင်ဆိုင်အသုံးပြုနိုင်ရေး ဆောင်ရွက်ရာတွင်

အသစ်ဝယ်ယူဖြည့်တင်းခြင်းသာမက လက်ရှိပိုင်ဆိုင်ထားသည့် လေယာဉ်/ ရဟတ်ယာဉ်များကို စွမ်းရည်ပြည့် ပျံသန်းအသုံးချနိုင်ရန် စနစ်တကျ ထိန်းသိမ်းကိုင်တွယ် ပြင်ဆင်မွမ်းမံခြင်း၊ အခါအားလျော်စွာ အဆင့်မြှင့်တင် မွမ်းမံခြင်းတို့ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ဒီလိုလုပ်ဆောင်နိုင်ခြင်းဖြင့် ငွေကြေး အကုန်အကျ များစွာသက်သာလျော့နည်းစေနိုင်မည် ဖြစ်ကြောင်း။

လက်ရှိမိမိတို့ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်ပြီး အနည်းငယ် အသိပေးပြောကြားလိုကြောင်း၊ ပြည်တွင်းပြည်ပ နှောင့်ယှက်စွက်ဖက်မှု အမျိုးမျိုး၊ သပ်လျှိုသွေးခွဲမှုအမျိုးမျိုး၊ ကိုယ်ကျိုးရှာမှု အမျိုးမျိုးတို့ကြောင့် တပ်မတော်အနေဖြင့် မလွှဲသာဘဲ နိုင်ငံတော်တာဝန်များကို ခေတ္တတာဝန်ယူထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုအခါ တိုးတက်ဖြစ်ပေါ်သည့် အခြေအနေများနှင့်အညီ အများပြည်သူ လိုလားတောင့်တချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပပေးရန်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲက ပေါ်ထွန်းလာမည့် ရွေးကောက်ခံအစိုးရထံ နိုင်ငံတော်တာဝန်များကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ လွှဲအပ်သွားမည်လည်းဖြစ်ကြောင်း။

> ပြည်တွင်းပြည်ပ နှောင့်ယှက်စွက်ဖက်မှု အမျိုးမျိုး၊ သပ်လျှိုသွေးခွဲမှုအမျိုးမျိုး၊ ကိုယ်ကျိုးရှာမှုအမျိုးမျိုးတို့ကြောင့် တပ်မတော်အနေဖြင့် မလွှဲသာဘဲ နိုင်ငံတော်တာဝန်များကို ခေတ္တတာဝန်ယူ ထမ်းဆောင်ခဲ့ရခြင်းဖြစ်၊ ယခုအခါ တိုးတက်ဖြစ်ပေါ်သည့် အခြေအနေများနှင့် အညီ အများပြည်သူ လိုလားတောင့်တချက် ဖြစ်သည့် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပေးရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိ၊ ရွေးကောက်ပွဲက ပေါ်ထွန်းလာမည့် ရွေးကောက်ခံအစိုးရထံ နိုင်ငံတော် တာဝန်များကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ လွှဲအပ်သွားမည်လည်းဖြစ်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပ အဖွဲ့အစည်းအချို့သည် ၎င်းတို့ လိုလားချက်အတိုင်း မဟုတ်သည့်အတွက် ရွေးကောက်ပွဲ မဖြစ်မြောက်စေရန်၊ ပျက်ပြားစေရန် နည်းလမ်းပေါင်းစုံဖြင့် စွက်ဖက်လုပ်ဆောင် ဟန့်တားလျက်ရှိကြောင်း၊ တစ်ဖက်မှလည်း အကြမ်းဖက်သောင်းကျန်းသူများသည် တပ်မတော်နှင့် ပြည်သူ ပူးပေါင်းလုပ်ဆောင်ချေမှုန်းမှုကြောင့် တဖြည်းဖြည်း အရေးနိမ့်လာလျက်ရှိကြောင်း၊ ၎င်းတို့ ခေတ္တစိုးမိုးထားသည့် နယ်မြေများကို ဆက်လက်ဆုပ်ကိုင်ထားနိုင်ရန် နိုင်ငံပိုင်လမ်းတံတားအဆောက်အအုံများ၊ ပြည်သူလူထု၏ နေအိမ်တိုက်တာနှင့် ပိုင်ဆိုင်မှုများကို သွေးရူးသွေးတန်း တိုက်ခိုက်ဖျက်ဆီး လုယက်ယူဆောင်လျက်ရှိကြောင်း၊ ထိုသို့ တိုက်ခိုက်ဖျက်ဆီးမှုများကို ဟန့်တားချေမှုန်းရန် အထူးလိုအပ်ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ အကူအညီကိုရယူကာ ဆက်လက်တိုးတက် ဆောင်ရွက်သွားမည်ကို အသိပေးပြောကြားလိုကြောင်း။

တပ်မတော်(လေ)ကို ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး လာမည့် ဒီဇင်ဘာလဆိုပါက သက်တမ်း ၇၈ နှစ် ပြည့်မြောက်တော့မည်ဖြစ်ကြောင်း၊ အဆိုပါကာလအတွင်း၌ တပ်မတော်(လေ)သည်တပ်မတော်၏ အဓိကအစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပေးအပ်လာသည့် တာဝန်အမျိုးမျိုးကို အစွမ်းကုန် ကျေပွန်ပြီးမြောက်အောင် ကြိုးပမ်းထမ်းဆောင်ခဲ့သည်ကိုဂုဏ်ယူဖွယ်တွေ့ရှိရကြောင်း၊ လက်ရှိတွင်လည်း တပ်မတော်(လေ)သည် မိမိတွင် ရရှိပိုင်ဆိုင်ထားသည့် လေကြောင်းစွမ်းအားအရင်းအမြစ်များကို အကျိုးအရှိဆုံး အသုံးချကာ ရည်မှန်းချက်တာဝန်များကို အောင်မြင်ထိရောက်စွာ ထမ်းဆောင်လျက်ရှိသည်ကို အသိအမှတ်ပြု ပြောကြားလိုကြောင်း၊ ထိုသို့ ထမ်းဆောင်နိုင်ခြင်းသည် တပ်မတော်(လေ)၏ အဓိကမဏ္ဍိုင်ကြီး (၃)ရပ်ဖြစ်သည့် ပျံသန်းရေးကဏ္ဍမှ လေသူရဲနှင့် လေယာဉ်သားများ၊ စက်မှုလက်မှုကဏ္ဍမှ အင်ဂျင်နီယာနှင့်ကျွမ်းကျင်

ပညာသည်များ၊ အုပ်ချုပ်ရေးကဏ္ဍမှ အုပ်ချုပ်ထောက်ပံ့မှုနှင့် ရုံးလုပ်ငန်းဆိုင်ရာ ပညာသည်များနှင့် စာရေးများ ဟန်ချက်ညီ ပူးပေါင်းလုပ်ဆောင်ခဲ့ကြခြင်းကြောင့် ဖြစ်ကြောင်း၊ လာမည့်အနာဂတ်တွင်လည်း ယနေ့ တပ်တော်ဝင်ပေးမည့် လေယာဉ်/ရဟတ်ယာဉ်များကို စနစ်တကျ ကျွမ်းကျင်ပိုင်နိုင်စွာအသုံးချ၍ ဟန်ချက်ညီ ပူးပေါင်းကြိုးစားလုပ်ဆောင်ပြီး လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယနေ့ တပ်တော်ဝင်ပေးလိုက်သည့် လေယာဉ်/ရဟတ်ယာဉ်များကို မြတ်နိုးတန်ဖိုးထားပြီး ကျွမ်းကျွမ်းကျင်ကျင် ထိထိရောက်ရောက် ပျံသန်းကိုင်တွယ် အသုံးပြုထိန်းသိမ်းပြီး စွမ်းရည်အဆင့်အတန်းမြင့်မားသည့် လေတပ်မတော်တစ်ခုဖြစ်ကြောင်း သက်သေပြကြရန်၊ နိုင်ငံတကာဆက်ဆံရေး၊ ပထဝီနိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲလာမှုများနှင့် သိပ္ပံနှင့် နည်းပညာ အဆင့်မြင့်တိုးတက်လာမှုအခြေအနေများကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်ဖော်ထုတ်ပြီး တပ်မတော်(လေ)၏ တိုက်စွမ်းအား အစဉ်ထိရောက်မြင့်မားနေအောင် ကြိုးပမ်းတီထွင်လုပ်ဆောင်သွားကြရန်၊ ရရှိပိုင်ဆိုင်ထားပြီးဖြစ်သည့် လေကြောင်းစွမ်းအားအရင်းအမြစ်များကို အထိရောက်ဆုံး အသုံးချနိုင်စေရေး စဉ်ဆက်မပြတ် လေ့ကျင့်ခြင်း၊ သုတေသနပြုစမ်းသပ်တီထွင်ထုတ်လုပ်ခြင်း၊ အလဟဿဆုံးရှုံးပျက်စီးထိခိုက်မှုမရှိအောင် အလေးထားလုပ်ဆောင်ခြင်း စသည့် လုပ်ငန်းစဉ်များကို ပျံသန်းရေး၊ စက်မှုလက်မှုနှင့် အုပ်ချုပ်ရေး မဏ္ဍိုင်ကြီး (၃) ရပ် ပေါင်းစပ်ညှိနှိုင်းကာ တာဝန်ရှိသူအဆင့်ဆင့်က အလေးထား ကြပ်မတ်စီမံလုပ်ဆောင်ကြရန်၊ တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာများကို အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့်ရှောက်ပြီး ကမ္ဘာတည်သရွေ့ မြန်မာတည်အောင် ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဗဟို၏ (၇၅)ကြိမ်မြောက် စိန်ရတု (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၁၄ - ၁၁ - ၂၀၂၅ )






ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဗဟို၏ (၇၅)ကြိမ်မြောက် စိန်ရတု (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌဗုဒ္ဓဘာသာကလျာဏ ယုဝအသင်း ရာသက်ပန်နာယကကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေး နှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း ရာသက်ပန်နာယကကြီးနှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း မှတ်တမ်းဓာတ်ပုံပြခန်းအား ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားကို ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ ဆရာတော်၊ သံဃာတော်များ၊ ကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသ ကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ (၇၅)ကြိမ် မြောက် စိန်ရတု (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင် စာမေးပွဲများတွင် ဆုရရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကျောင်းသား၊ ကျောင်းသူများ တက် ရောက်ကြသည်။

**ဖွင့်လှစ်**

ယင်းနောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ကြီး၏ (၇၅)ကြိမ်မြောက် စိန်ရတု (၃၈)ဖြာမင်္ဂလာတရား တော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ် ကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား ဂါရဝပြုဦးညွှတ်အလေးပြုကြသည်။

ဆက်လက်၍ မွန်ပြည်နယ်မော်လမြိုင်မြို့မှ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ခေတ်ဟောင်း၊ ကာလပေါ်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆု ရရှိခဲ့သည့် မသုသုသံသာအောင်က သုံးရောင်ခြယ် သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းကြီး စတင်ပေါ်ပေါက်ချိန်ကတည်းက ထားရှိခဲ့သည့် ရည်ရွယ်ချက်များနှင့်အညီ (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲများကို ကျင်းပပြီး "သာသနာ"တော်ထွန်းကားပြန့်ပွားရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ ယနေ့ဆိုပါက (၇၅)ကြိမ်မြောက် တိုင်ခဲ့ပြီဖြစ်ကြောင်း၊ အသင်းကြီး စတင်ပေါ်ပေါက်လာကတည်းက "အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ" ကြီးပွားမြင့်မားရေးအတွက် ရည်ရွယ်ချက်ထားရှိခဲ့ပြီး မူလချမှတ်ခဲ့သည့် ရည်ရွယ်ချက်များနှင့်အညီ ယနေ့အချိန်တိုင်အောင် မပျက်မယွင်းဘဲ တာဝန်ရှိသူများက ကြိုးပမ်းအကောင်အထည်ဖော်နေကြသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူစွာ အသိအမှတ်ပြုပါကြောင်း။

YMBA အသင်းကြီး၏ သမိုင်းကြောင်းကို ပြန်လည်ပြောကြားရမည်ဆိုပါက မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းသည် ဒွန်တွဲပါလာမည်ပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် YMBA အသင်းကြီးသည် လွတ်လပ်ရေးနှင့် အမျိုးသားနိုင်ငံရေးကို ဦးဆောင်ဦးရွက်ပြုခဲ့သည့် အစောဆုံး အမျိုးသားရေးအသင်းအဖွဲ့ကြီးဟု ဆိုနိုင်ပါကြောင်း၊ ၁၉၀၆ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့သည့် အသင်းကြီးသည် ယနေ့ဆိုပါက နှစ်ပေါင်း ၁၁၉ နှစ် တိုင်ခဲ့ပြီဖြစ်ကြောင်း။

မြန်မာ့သမိုင်းကို ပြန်ကြည့်မည်ဆိုပါက မိမိတို့လူမျိုးများသည် အမျိုးသားရေးစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်ပြင်းပြသူများဖြစ်သည်ကို အခိုင်အမာတွေ့ရှိရပါကြောင်း၊ မိမိတို့သည် လွတ်လပ်ရေးကြီး ဆုံးရှုံးခဲ့ရသော်လည်း မြန်မာတစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုအားကြောင့် ၁၉၀၆ ခုနှစ်တွင် ဘာသာရေးကိုအခြေခံသည့် YMBA အသင်းကြီးပေါ်ပေါက်ခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ၁၉၂၀ ပြည့်နှစ်တွင် YMBA မှ GCBA ဟူ၍ ပြောင်းလဲဖွဲ့စည်းကာ ယခင်ကထက် နိုင်ငံရေးလှုပ်ရှားမှုများကို ပိုမိုဆောင်ရွက်နိုင်ခဲ့ကြသည့် သမိုင်းမှတ်တမ်းများကိုလည်း တွေ့ရှိရကြောင်း၊ ထို့နောက် တို့ဗမာအစည်းအရုံး ပေါ်ပေါက်လာပြီး အစည်းအရုံးဝင် သခင်လူငယ်များမှတစ်ဆင့် ရဲဘော်သုံးကျိပ်၊ ရဲဘော်သုံးကျိပ်မှတစ်ဆင့် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို စတင်ဖွဲ့စည်းနိုင်ခဲ့ကာ လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည်အထိ ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းကြီးက အခြေခံအုတ်မြစ်ကောင်းများကို ချမှတ်ပေးနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် တပ်မတော်ရဲ့ သမိုင်းအစ ဘီအိုင်အေက ဆိုသကဲ့သို့ မျိုးချစ်စိတ်ရဲ့အစ YMBA က ဟု ပြောရမည်ဖြစ်ကြောင်း။

**"အမျိုး" ဟူသည်**

"အမျိုး" ဟူသည်ကို "အမျိုးသားများ ကြီးပွားတိုးတက်ရေး၊ အမျိုးသားများနှင့် သက်ဆိုင်သော အရေးအခင်းများ"ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြောင်း၊ သမိုင်းစဉ်တစ်လျှောက်ကို လေ့လာကြည့်မည်ဆိုပါကလည်း ကမ္ဘာ့နိုင်ငံများအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းတည်ဆောက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ယနေ့ကမ္ဘာ့ဖြစ်ရပ်များကိုကြည့်ပါက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများအပါအဝင် နိုင်ငံများသည် အခြားသောနိုင်ငံရေးများထက် အမျိုးသားရေးကို ဦးစားပေးဖော်ထုတ်လာကြသည်ကို တွေ့နိုင်ကြောင်း၊ နိုင်ငံတော်၏ ဘက်စုံအကျိုးစီးပွားများ အောင်မြင်ဖြစ်ထွန်းစေရေး "စစ်မှန်သော အမျိုးသားရေးစိတ်ဓာတ်" နိုင်ငံသားတိုင်းတွင် မရှိမဖြစ်ရှိနေကြရန် လိုအပ်ကြောင်း၊ ယင်းအချက်ကို တွေးတောဆင်ခြင်မိကြသည့် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းကြီးကို စတင်တည်ထောင်ခဲ့ကြသူများက အမျိုးဆိုသည်နှင့်ပတ်သက်၍ ထည့်သွင်းခဲ့ကြခြင်းဖြစ်ကြောင်း။

မိမိတို့၏ မြန်မာစာပေ၊ မြန်မာဘာသာစကားသည် နှစ်ပေါင်းရှည်ကြာ သမိုင်းအထောက်အထား ခိုင်မာစွာဖြင့် တည်ရှိခဲ့ပြီးဖြစ်ကြောင်း၊ ဘာသာစကားတစ်ခု၏ တန်ဖိုးကို မိမိမွေးရပ် ဇာတိတိုင်းပြည်မဟုတ်သည့် နိုင်ငံရပ်ခြားဒေသတစ်ခုသို့ ရောက်ရှိချိန်မှ ပိုမိုနားလည်သိရှိတတ်ကြကြောင်း၊ ထိုအခါမှ မိမိတို့၏ ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်စာပေသည် ပိုမိုလေးနက်သည်ကိုသိလာကြကြောင်း၊ ဒီမြေမှာမွေး ဒီမြေမှာကြီးပြင်းသူတိုင်းသည် မိမိတို့၏ ကိုယ်ပိုင်စာပေနှင့် ဘာသာစကားကို အလေးထားကြရန်လိုကြောင်း၊ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ဘာသာစကား

စာပေများပျောက်ဆုံးမှုကြောင့်တိုင်းပြည်ပါပျောက်သည် အထိ ဖြစ်ခဲ့သည့် သာဓကများလည်း ရှိနေကြောင်း။

ယနေ့အချိန်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ကြီးအနေဖြင့်လည်း ဘာသာ၊ စာပေနှင့် ပတ်သက်ပြီး ဆက်လက်ပံ့ပိုးဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော် အစိုးရအနေဖြင့်လည်း မြန်မာစာပေနှင့် ကိုယ်ပိုင် ဘာသာစကားများရှိပြီးသားထက် တိုးတက်မြင့်မားလာ စေရန် ဘက်စုံထောင့်စုံမှ မြှင့်တင်ဆောင်ရွက်ပေးလျက် ရှိနေသည်ကို ပြောကြားလိုကြောင်း။

ယနေ့ခေတ်မှ ပညာခေတ်မဟုတ်ကြောင်း၊ ကမ္ဘာ ဦးကာလကတည်းက ပညာကိုအခြေပြုပြီး လူ့ဘောင် လောကကို တည်ဆောက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ပညာ ကြောင့်ပင် လူသားတို့ ယဉ်ကျေးမှုသမိုင်း ပြောင်းလဲ တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံ များကို လေ့လာကြည့်ပါက ပညာတတ်များ ပေါကြွယ်ဝ ခြင်းနှင့် ပညာရေးကို နှစ်ကာလများစွာကတည်းက အားပေးခဲ့ကြခြင်းကြောင့် ဖြစ်သည်ကို တွေ့နိုင်ကြောင်း၊ "ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုး" ဆိုသည့်အတိုင်း အသိပညာ၊ အတတ်ပညာများ ပြည့်ဝ နေခြင်းသည် မိမိတို့ တစ်ဦးတစ်ယောက်ချင်း၏ ဘဝများ အတွက်သာမက ပညာတတ်များ ပြည့်ဝသည့် နိုင်ငံတော် တစ်ခုအတွက်လည်း ကမ္ဘာ့အလယ်တွင် ဝင့်ထည်စေမည် ဖြစ်ကြောင်း၊ ထို့ကြောင့် လက်ရှိအချိန်တွင် နိုင်ငံတော်၏ အနိမ့်ဆုံးပညာရေးရည်မှန်းချက်အဖြစ် KG+9 အထိ မသင်မနေရ ပညာရေးစနစ်ကို ချမှတ်ထားပြီး ပညာတတ် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာအောင် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

မိမိတို့နိုင်ငံ၏ ပညာရေးစနစ်သည် အတန်းပညာ မှတစ်ဆင့် အတတ်ပညာ၊ အသိပညာအထိ ပြည့်စုံအောင် ဖန်တီးပေးထားသည့် စနစ်ကောင်းတစ်ခုပင်ဖြစ်ကြောင်း၊ အတတ်ပညာ၊ အသိပညာ ပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်ကောင်းများကသာလျှင် နိုင်ငံတော်ကို ဖွံ့ဖြိုး တိုးတက်ပြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက် ပေးနိုင်မည်ဖြစ်ကြောင်း။

**လက်ဆင့်ကမ်းတာဝန်ယူ**

လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ကျော်မှစပြီး တိုင်းပြည် လွတ်လပ်ရေး ကြိုးပမ်းမှုအတွက် ရှေ့ပြေးသဖွယ် ပေါ်ပေါက်ခဲ့သော YMBA အသင်းကြီးက ချမှတ်ခဲ့သည့် ရည်ရွယ်ချက်များကို ယနေ့ကာလတိုင် မျိုးဆက်သစ် များက လက်ဆင့်ကမ်း တာဝန်ယူထမ်းရွက်လျက်ရှိ နေသည်ကို တွေ့ရှိရကြောင်း။

မျိုးချစ်စိတ်ဓာတ် ခိုင်မာမှု၊ လျော့နည်းမှုပေါ် မူတည် ပြီး နိုင်ငံတော်သည် ဆူကြုံနိမ့်မြင့် ခရီးအသွယ်သွယ်ကို လျှောက်လှမ်းခဲ့ရကြောင်း၊ ထို့ကြောင့် ကြုံတွေ့ခဲ့ရသည့် သမိုင်းဖြစ်စဉ်များကို သင်ခန်းစာယူပြီး ယခုနှစ် အမျိုးသား အောင်ပွဲနေ့အတွက် ချမှတ်ထားသော ဆောင်ပုဒ်ဖြစ် သည့် "စည်းလုံးချစ်ကြည် လက်တွဲညီ ရွှေပြည်သစ်ဆီ လှမ်းကြမည်" ဆိုသည့် ဆောင်ပုဒ်သည် ယနေ့အချိန် တွင် တိုင်းပြည် ၏ ပကတိလိုအပ်ချက်ဖြစ်သော ခိုင်မာ ကောင်းမွန်သည့် အမျိုးသားရေးစိတ်ဓာတ်တစ်ခုပင် ဖြစ်သည်ကို အားလုံးရင်ထဲတွင် စွဲမြဲနားလည်နေကြရန် လိုအပ်ကြောင်း။

**ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများကို လေ့လာကြည့်ပါက ပညာတတ်များ ပေါကြွယ်ဝခြင်းနှင့် ပညာရေးကို နှစ်ကာလ များစွာကတည်းက အားပေးခဲ့ကြခြင်းကြောင့် ဖြစ်သည်ကိုတွေ့နိုင်၊ "ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုး" ဆိုသည့်အတိုင်း အသိပညာ၊ အတတ်ပညာများ ပြည့်ဝနေခြင်းသည် မိမိတို့ တစ်ဦးတစ်ယောက်ချင်း၏ ဘဝများအတွက်သာမက ပညာတတ်များ ပြည့်ဝသည့် နိုင်ငံတော်တစ်ခုအတွက်လည်း ကမ္ဘာ့အလယ်တွင် ဝင့်ထည်စေမည်ဖြစ်၊ လက်ရှိအချိန်တွင် နိုင်ငံတော်၏ အနိမ့်ဆုံးပညာရေးရည်မှန်းချက်အဖြစ် KG+9 အထိ မသင်မနေရ ပညာရေးစနစ်ကို ချမှတ်ထားပြီး ပညာတတ် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာအောင် ဆောင်ရွက်ပေးလျက်ရှိ။**

မြတ်စွာဘုရား၏ သာသနာတော်ဆိုသည်မှာ အဆုံးအမတစ်ခုဖြစ်သကဲ့သို့ ကိုယ်စီကိုယ်စီတွင် ရှိသင့်သည့် ကိုယ်ချင်းစာတရား တစ်ခုလည်းဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာဝင်တိုင်း၏ နှလုံးအိမ်တွင် မြတ်စွာဘုရား၏ အဆုံးအမများ ကိန်းအောင်းနေရန်အတွက် (၃၈)ဖြာ မင်္ဂလာတရားတော်သည် အခြေခံပင်ဖြစ်ကြောင်း၊ ထိုသို့ အဆုံးအမများ တိုင်းသူပြည်သားများ၏ နှလုံးအိမ်တွင် တည်ရှိနေရန် ၁၉၄၉ ခုနှစ်မှစပြီး (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲများကို YMBA အသင်းကြီးက ဦးဆောင်ကျင်းပခဲ့သည်မှာ ယခုအခါ (၇၅) ကြိမ်မြောက် စိန်ရတု အခါသမယ တိုင်ခဲ့ပြီဖြစ်ကြောင်း။

ထိုသို့ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်နှင့် တစ်မျိုးသားလုံးအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ ဆောင်ရွက်မှုတစ်ခုဖြစ်ကြောင်း၊ ယခုနှစ် (၇၅) ကြိမ်မြောက် (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲများကို ကျင်းပရာတွင် ယခင်နှစ်များနှင့်မတူ ထူးခြားသည်မှာ မြန်မာဘာသာနှင့်သာမကဘဲ တိုင်းရင်းသားဘာသာများဖြစ်သည့် မွန်၊ ပအိုဝ်းဘာသာများနှင့်ပါ ဖြေဆိုနိုင်ခဲ့သည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာတွေ့ရှိရကြောင်း၊ နောင်လာမည့်နှစ်များတွင်လည်း ယခု တိုင်းရင်းသားဘာသာစကားများအပြင် အခြားတိုင်းရင်းသား ဘာသာစကားများနှင့်ပါ ဖြေဆိုနိုင်ကြရေးအတွက် မိမိအနေဖြင့် တိုက်တွန်းပြောကြားလိုကြောင်း။

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ပေါ်ပေါက်ခဲ့သည့် YMBA အသင်းကြီးသည် ယနေ့ဆိုပါက နှစ်ပေါင်း ၁၁၉ နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ စတင်ပေါ်ပေါက်ချိန်ကတည်းက ချမှတ်ခဲ့သည့် "အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာကို အားပေးပါ" ဆိုသည့် ရည်ရွယ်ချက်သည် ယနေ့ထက်တိုင် အသက်ဝင်နေဆဲ၊ မျိုးဆက်သစ်များက လက်ဆင့်ကမ်းဆောင်ရွက်နေရဆဲ သမိုင်းပေးတာဝန်များပင်ဖြစ်ကြောင်း၊ အဆိုပါတာဝန်များကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့်လည်း တစ်တပ်တစ်အား ကြိုးစားဆောင်ရွက်နေသကဲ့သို့ အမိနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း အမျိုးကိုချစ်သည့်စိတ်၊ ဘာသာကိုအလေးထားသည့်စိတ်၊ သာသနာကိုထိန်းသိမ်းစောင့်ရှောက်လိုသည့်စိတ်၊ ပညာကိုမြှင့်တင်လိုသည့် စိတ်ဓာတ်ခံယူချက်များဖြင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများတွင် ကိုယ်စီကိုယ်စီ တာဝန်သိသိ တာဝန်ရှိရှိ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# ဘားအံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား

( ၁၅ - ၁၁ - ၂၀၂၅ )






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား နိုဝင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲ အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဘားအံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြပြီး ကရင်ပြည်နယ် ဝန်ကြီးချုပ်၊ မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့်ပတ်သက်၍ ဘားအံမြို့၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့် အခြားမြို့များ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များအား တွက်ချက်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘားအံမြို့ ရေကြီးရေလျှံမှုနှင့်ပတ်သက်၍ အထက်ပိုင်းဒေသတွင် မိုးများစွာ ရွာသွန်းသည့်အချိန်နှင့် ဒီရေတက်သည့် အချိန်များတွင် ရေကြီးရေလျှံမှုများကို ပိုမိုဖြစ်ပေါ်စေကြောင်း၊ ဘားအံဒေသအတွင်း ယခင်က စီမံဆောင်ရွက်ခဲ့သည့် ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်းကို ဆောင်ရွက်မည်ဆိုပါက ရေကြီးရေလျှံမှုများကိုထိန်းသိမ်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် ဒေသအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို

ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သကဲ့သို့ သဘာဝအရ ဖြစ်ပေါ်လာသည့်ရေကြီးရေလျှံမှုများကိုလည်းအထိုက်အလျောက်လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် အဆိုပါရေအားလျှပ်စစ်စီမံကိန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

ကရင်ပြည်နယ်သည် သာယာလှပသည့် ဒေသတစ်ခုဖြစ်ပြီး ပြည်တွင်း/ပြည်ပ ခရီးသွားများ စိတ်ဝင်တစားလာရောက်လည်ပတ်လျက်ရှိသည့်နေရာတစ်ခုဖြစ်ကြောင်း၊ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့သာယာလှပရေးနှင့် ဒေသသာယာလှပရေးအတွက် ဆောင်ရွက်ကြရန်လိုသကဲ့သို့ ဒေသရိုးရာအစားအသောက်များကိုလည်း ပိုမိုသန့်ရှင်းပြီး ခရီးသွားများအား ဆွဲဆောင်မှုရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းသည် ဒေသအတွက် ဝင်ငွေများစွာရရှိစေသဖြင့် ဒေသအတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းမည်ဆိုပါက ခရီးသွားလုပ်ငန်းများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ကရင်ပြည်နယ် အေးချမ်းသာယာပြီးငြိမ်းချမ်းပါစေကြောင်း၊ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မကြာမီကာလအတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်တော့မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြီးဆုံးပြီးချိန်တွင် ရွေးကောက်ခံကိုယ်စားလှယ်များနှင့်အစိုးရအသစ်ဖြင့် နိုင်ငံတော်တာဝန်ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများလိုလားချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ပေါ်တွင်ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်ကြောင်း၊ ကောင်းမွန်သည့် ရွေးကောက်ခံကိုယ်စားလှယ်များဖြင့် ကောင်းမွန်သည့် နိုင်ငံရေးလမ်းကြောင်းကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းမှုရှိသည့် နယ်မြေများတွင် တိုးတက်မှုများ ရရှိနိုင်မည်ဖြစ်သကဲ့သို့ တည်ငြိမ်အေးချမ်းမှုမရှိသည့် ဒေသများတွင် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနိုင်မည်မဟုတ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သကဲ့သို့ ဒေသတွင် နေထိုင်သည့်သူများကလည်း အမှန်တကယ် အလုပ်လုပ်ရန် လိုအပ်ကြောင်း၊ အလားတူ ပညာရည်မြင့်မားရေး မဖြစ်မနေလိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဖွဲ့စည်းပြီးချိန်တွင် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"၊ "နိုင်ငံတော်သာယာဖို့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့"ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခုအနေဖြင့် အလုပ်လုပ်ကိုင်မှသာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းကို ဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အတတ်ပညာများလိုအပ်ကြောင်း၊ အတတ်ပညာရှိရန်အတွက် အတန်းပညာများ မြင့်မားရန်လိုအပ်သဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရည်အားနည်းသူများကို ကုန်ထုတ်စွမ်းအား မြှင့်တင်ရေးလုပ်ငန်းများတွင် အသုံးချနိုင်ရန်အတွက် သင်တန်းများဖွင့်လှစ်သင်ကြားပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

**Polytechnic ကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်**

မိမိတို့နိုင်ငံတွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သည့် ကျောင်းသားကျောင်းသူများ များစွာရှိကြောင်း၊ ၎င်းတို့အား နိုင်ငံတော်အတွက် မည်ကဲ့သို့အသုံးချနိုင်မည်ကို စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တာဝန်ရှိသူများ၊ ပညာရှင်များနှင့်တိုင်ပင်၍ သက်ဆိုင်ရာ ပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic ကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း။

တိုးတက်သည့် နိုင်ငံတိုင်းသည် ပညာတတ်များပေါကြွယ်ဝပြီး ရာနှုန်းပြည့်နီးပါးခန့် အဆင့်မြင့်ပညာများတတ်မြောက်သည့် နိုင်ငံများဖြစ်သည်ကိုတွေ့ရကြောင်း၊

မိမိတို့နိုင်ငံအနေဖြင့် အခြေခံပညာအဆင့်၊ အလယ်တန်းပညာအဆင့်၊ အထက်တန်းပညာအဆင့်နှင့် အဆင့်မြင့်ပညာ အဆင့်များအလိုက် ပြီးဆုံးမှုများမှာ ရာခိုင်နှုန်းအလိုက် နည်းပါးမှုရှိသည်ကို တွေ့ရကြောင်း၊ ကရင်ပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများစွာရှိပြီး အမှန်တကယ် လုပ်ကိုင်နိုင်ကြရန်နှင့် နည်းစနစ်တကျဖြင့် ဆောင်ရွက်နိုင်ရန်လိုကြောင်း။

ကရင်ပြည်နယ်အတွင်း တစ်ဧကအထွက်နှုန်းပန်းတိုင်ရည်မှန်းချက် ပြည့်မီရေးအတွက် လိုအပ်လျက်ရှိနေသေးကြောင်း၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင်

> ဒေသတစ်ခု၊ နိုင်ငံတစ်ခုအနေဖြင့် အလုပ်လုပ်ကိုင်မှသာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းကို ဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အတတ်ပညာများလိုအပ်၊ တိုးတက်သည့် နိုင်ငံတိုင်းသည် ပညာတတ်များ ပေါ်ကြွယ်ဝပြီး ရာနှုန်းပြည့်နီးပါးခန့် အဆင့်မြင့်ပညာများ တတ်မြောက်သည့် နိုင်ငံများဖြစ်သည်ကိုတွေ့ရ၊ မိမိတို့ နိုင်ငံအနေဖြင့် အခြေခံပညာအဆင့်၊ အလယ်တန်းပညာအဆင့်၊ အထက်တန်း ပညာအဆင့်နှင့် အဆင့်မြင့်ပညာအဆင့်များ အလိုက် ပြီးဆုံးမှုများမှာ ရာခိုင်နှုန်းအလိုက် နည်းပါးမှုရှိသည်ကို တွေ့ရ၊ ကရင်ပြည်နယ် အတွင်း အလုပ်အကိုင်အခွင့်အလမ်း များစွာရှိပြီး အမှန်တကယ် လုပ်ကိုင်နိုင်ကြရန်နှင့် နည်းစနစ်တကျဖြင့် ဆောင်ရွက်နိုင်ရန်လို။

စိုက်ပျိုးဆောင်ရွက်နိုင်မည်ဆိုပါက ဒေသဝမ်းစာဖူလုံရေးနှင့် ဒေသဝင်ငွေတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ငွေကြေးတန်ဖိုးတိုးတက်စေရေးအတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်ရန်လိုကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံအတွင်း ငွေကြေးလည်ပတ်မှုများ တိုးတက်ကောင်းမွန်လာပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်နယ်အတွင်း ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေး မောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားများ လိုအပ်ကြောင်း၊ နိုင်ငံရေးမောင်းနှင်အားကောင်းမွန်မှသာ စီးပွားရေးမောင်းနှင်အား ကောင်းမွန်မည်ဖြစ်ပြီး စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာ ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းမွန်မှုသည် နိုင်ငံတစ်ခုအတွက် မဖြစ်မနေ အရေးကြီးသည့် ကဏ္ဍမှပါဝင်သဖြင့် စီးပွားရေးအားကောင်းအောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း။

ကရင်ပြည်နယ်အတွင်း လယ်ယာမြေအများစု၌ ရေများ ဖုံးလွှမ်းလျက်ရှိသည်ကို တွေ့ရကြောင်း၊ ထိုသို့ ရေများဖုံးလွှမ်းလျက်ရှိခြင်းကြောင့် ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးရန်အတွက် အခက်အခဲရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ရေဖုံးလွှမ်းမှုများ လျော့နည်းစေရေးအတွက် နည်းလမ်းများရှာဖွေ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်အတွင်း ပုစွန်မွေးမြူရေး လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်သဖြင့် ပိုမိုတိုးချဲ့ဆောင်ရွက်သွားမည်ဆိုပါက ဒေသအကျိုးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ အလားတူ ဒေသအတွက် လိုအပ်သည့် အသား၊ ငါးနှင့်ဥများ ထုတ်လုပ်မှုတိုးတက်စေရေး မွေးမြူရေး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ငန်းများဆောင်ရွက်နိုင်ခြင်းဖြင့် ထိုက်သင့်သည့် အသား၊ ငါးဈေးနှုန်းများ ဖြစ်လာမည်ဖြစ်ကြောင်း။

ကရင်ပြည်နယ်အတွင်း ပညာရည်မြင့်မားစေရေးအတွက် တန်းစဉ်ကူးပြောင်းမှုများ မြင့်မားနေရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် အကြောင်းအမျိုးမျိုးအရ တန်းစဉ်

ကူးပြောင်းမှုများ နည်းပါးနေသေးကြောင်း၊ ပညာရေးကို အားပေးမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အထက်တန်းပညာအဆင့် ပြီးဆုံးအောင် သင်ကြားနိုင်မှု မရှိသူများအတွက်လည်း အလုပ်အကိုင်များ ရရှိရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ရှိပြီးသား လူသား အရင်းအမြစ်များ လုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင်နိုင်စေရေး သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ ခရိုင်များအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် အထွက်နှုန်းများ တိုးတက်လာပြီး တောင်သူတစ်ဦးချင်း၏ ဝင်ငွေများတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်အတွင်း ပညာရည် ဖွံ့ဖြိုးတိုးတက်စေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ကရင်ပြည်နယ်သည် နိုင်ငံလွတ်လပ်ရေး ရပြီးချိန်ကတည်းက လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် တည်ငြိမ်အေးချမ်းမှုများ ပျက်ယွင်းပြီး ပြည်နယ်အတွင်း နေထိုင်သည့် ပြည်သူများ ထိခိုက်သကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း ထိခိုက်မှုများရှိကြောင်း၊ ကရင်ပြည်နယ်တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင် လုပ်ဆောင်နေသူများသည် ကရင်ပြည်နယ်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများပင်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင်ပညာသင်ကြားနိုင်မည်၊ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖျက်ဆီးနေသည့် တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင် ဆောင်ရွက်နေမှုများကိုပြည်နယ်အတွင်း နေထိုင်ကြသူများအနေဖြင့် နည်းလမ်းပေါင်းစုံဖြင့် ကာကွယ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ကရင်ပြည်နယ်အတွင်း ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင် လုပ်ဆောင်နေမှုများကို ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း၊ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် မြန်မာ-ထိုင်းနယ်စပ်အနီးရှိ KK park နေရာအား တပ်မတော်အနေဖြင့် ရှင်းလင်းဆောင်ရွက်နေပြီး အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အပြီးပြတ်ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မကြာမီကာလအတွင်း လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအားလုံခြုံရေးပိုင်းဆိုင်ရာအရ အပိုင်းသုံးပိုင်းခွဲ၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ရာတွင် မဲမသမာမှုများ လုပ်ဆောင်၍ မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များဖြင့် မဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် မဲမသမာမှုမဖြစ်စေရေးနှင့် ဆန္ဒမဲများပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် နိုင်ငံရေးစနစ်ကိုကျင့်သုံးရာတွင် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ရမည်ဖြစ်ပြီး လူကိုအခြေခံသည့် ဖက်ဒရယ်စနစ်မဟုတ်ဘဲ ဒေသကို အခြေခံသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ကျင်းပသည့် ရွေးကောက်ပွဲသည် သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲများပေးရန်လိုကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်အနေဖြင့် မိမိတို့နိုင်ငံ၏ နည်းလမ်းတကျဖြစ်သည့် နိုင်ငံရေးစနစ်ဖြစ်စေရေး ရွေးကောက်ပွဲသည် အခြေခံဖြစ်သဖြင့် ရွေးကောက်ပွဲ အောင်မြင်စေရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း။

ဆန္ဒမဲပေးရာတွင်လည်း ဒေသအကျိုးကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်သူ၊ နိုင်ငံ့အကျိုးကို ဆောင်ရွက်ပေးနိုင်သူ၊ နိုင်ငံတော်မှ တရားဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများနှင့် အတူတကွပူးပေါင်း၍ နိုင်ငံတော်၏ အကျိုးကိုဆောင်ရွက်နိုင်သည့် စိတ်ရှိသူ၊ မိမိတို့၏ အမျိုး၊ ဘာသာ၊ သာသနာနှင့်ယဉ်ကျေးမှုကိုကာကွယ်စောင့်ရှောက်လိုစိတ်ရှိသူ၊ ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သည့်သူများကို ရွေးချယ်နိုင်ရန်လိုကြောင်း။

**စိုက်ပျိုးရေး**

စိုက်ပျိုးရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကုန်းမြင့်ကော်ဖီများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသကဲ့သို့ မြေနိမ့်ကော်ဖီဖြစ်သည့် (ရိုဘက်စတာမျိုး)များ စိုက်ပျိုးဖြစ်ထွန်းသည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့်ကော်ဖီများသည် ပြည်ပဈေးကွက်ဝင် ထုတ်ကုန်များဖြစ်ကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်အတွင်း စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် မြေနိမ့်ကော်ဖီများအား စိုက်ပျိုးဖြစ်ထွန်းအောင် ဆောင်ရွက်ခြင်းဖြင့် ဒေသဝင်ငွေကိုတိုးတက်စေမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်းရှိ သရက်၊

> **ပြည်နယ်အတွင်းရှိ သရက်၊ ရော်ဘာ၊ ဒူးရင်း၊ ကွမ်း စသည့် စိုက်ပျိုးရေးခြံများ၌ မြေနိမ့်ကော်ဖီများကို သီးညှပ်အဖြစ် စိုက်ပျိုးသွားမည်ဆိုပါက ဒေသအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်၊ ကရင်ပြည်နယ်အတွင်း ဝါးများ ပေါများစွာ ထွက်ရှိသဖြင့် ဝါးကို အခြေခံသည့် လက်မှုပစ္စည်းများ၊ ပျော့ဖတ်များကို ထုတ်လုပ်နိုင်၊ ထိုသို့ ဝါးပျော့ဖတ်များကို ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပမှ စက္ကူများ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်၊ ရော်ဘာစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံမှထွက်ရှိသည့် ရော်ဘာများကို တရားမဝင်လမ်းကြောင်းများမှ ပြည်ပသို့ တင်ပို့လျက်ရှိသဖြင့် နိုင်ငံတော်အနေဖြင့် ထိခိုက်မှုများရှိ၊ ရော်ဘာများ ထုတ်လုပ်ရာတွင်လည်း အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်နိုင်ရန်လိုပြီး ပြည်နယ်အတွင်း၌ ရော်ဘာကိုအခြေခံသည့် စက်ဘီးနှင့် မော်တော်ဆိုင်ကယ် တာယာများကို ထုတ်လုပ်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လို။**

ရော်ဘာ၊ ဒူးရင်း၊ ကွမ်း စသည့် စိုက်ပျိုးရေးခြံများ၌ မြေနိမ့်ကော်ဖီများကို သီးညှပ်အဖြစ် စိုက်ပျိုးသွားမည်ဆိုပါက ဒေသအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ကရင်ပြည်နယ်အတွင်း ဝါးများ ပေါများစွာထွက်ရှိသဖြင့် ဝါးကို အခြေခံသည့် လက်မှုပစ္စည်းများ၊ ပျော့ဖတ်များကို ထုတ်လုပ်နိုင်ကြောင်း၊ ထိုသို့ ဝါးပျော့ဖတ်များကို ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပမှ စက္ကူများ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ရော်ဘာစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံမှထွက်ရှိသည့် ရော်ဘာများကို တရားမဝင်လမ်းကြောင်းများမှ ပြည်ပသို့တင်ပို့လျက်ရှိသဖြင့် နိုင်ငံတော်အနေဖြင့် ထိခိုက်မှုများရှိကြောင်း၊ ရော်ဘာများ ထုတ်လုပ်ရာတွင်လည်း အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်နိုင်ရန်လိုပြီး ပြည်နယ်အတွင်း၌ ရော်ဘာကိုအခြေခံသည့် စက်ဘီးနှင့် မော်တော်ဆိုင်ကယ်တာယာများကို ထုတ်လုပ်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ဧရာတ်ကောင်း စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဥယျာဉ်ခြံမြေများ၌ သီးညှပ်အဖြစ် စိုက်ပျိုးသွားမည်ဆိုပါက ဒေသဝင်ငွေကို တိုးတက်စေမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှ ဝင်ငွေများ တိုးတက်လာခြင်းဖြင့် ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပြီး ဒေသတွင်းစီးပွားရေးများ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမှန်တကယ် အလုပ်လုပ်ကြရန်လိုကြောင်း၊ ထိုသို့ အလုပ်လုပ်နိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် ပညာရေး အားပေးကြရန် မဖြစ်မနေလိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် ကရင်ပြည်နယ်အတွင်းရှိအသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME)မှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**လူငယ်စင်တာ**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်

အဖွဲ့ဝင်များသည် ကရင်ပြည်နယ် လူငယ်စင်တာသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် ပြည်နယ် လူမှုရေးရာဝန်ကြီးက စင်တာတည်ဆောက်မှုဆိုင်ရာ များ၊ သင်တန်းများ ဖွင့်လှစ်ခဲ့မှုနှင့် နည်းပညာရပ်ဆိုင်ရာ ဟောပြောပွဲများ ပို့ချပေးခဲ့မှုအခြေအနေများ၊ ဆက်လက် ဆောင်ရွက်သွားမည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက စင်တာအား အကျိုးရှိရှိအသုံးချသွားရန်လိုပြီး ကရင်ပြည်နယ်အတွက် တိုက်ရိုက်အကျိုးဖြစ်စေနိုင်မည့် သင်တန်းများ၊ လုပ်ငန်းခွင်တွင် တိုက်ရိုက်အသုံးချနိုင်မည့် အတတ်ပညာ သင်ကြားပေးခြင်းများဖြစ်ရန်လိုကြောင်း၊ လူငယ်များသည် နောင်အနာဂတ်တွင် လူကြီးများ၏ တာဝန်များကို လွှဲပြောင်းထမ်းဆောင်ကြမည့်သူများဖြစ် သဖြင့် သိသင့်သိထိုက်သည့်၊ တတ်သင့်တတ်ထိုက်သည့် အသိပညာ၊အတတ်ပညာများ၊နိုင်ငံ့အရေးများ၊ခေါင်းဆောင်မှု ပညာရပ်များကိုလည်း အခြေခံအားဖြင့် သင်ကြားပေး ရန်လိုကြောင်း၊ စည်းကမ်းစနစ်တကျဖြင့် နေထိုင် သွားလာတတ်ပြီး အသိအမြင်ကောင်းစွာဖြင့် လုပ်ကိုင် ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိ စေရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လူငယ်စင်တာအတွင်း လူငယ်များ Indoor Game များ လေ့ကျင့်နေမှု၊ လူငယ်စကားဝိုင်း ပြုလုပ်နေမှု၊ အိမ်တွင်းမှုလုပ်ငန်းများ သင်ကြား ဆောင်ရွက်နေမှု၊ဂီတခန်းအတွင်း ဂီတပညာများသင်ကြား ပေးနေမှု၊ ပန်းချီသင်တန်း သင်ကြားပို့ချပေးနေမှု၊ ကွန်ပျူတာနည်းပညာများ သင်ကြားပြသပေးနေမှု၊ စာကြည့်တိုက်အတွင်း လူငယ်များ စာပေဖတ်ရှုလေ့လာ နေမှုများနှင့် အိပ်ခန်းများနှင့် စားသောက်ခန်းတို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြ ချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဘားအံတက္ကသိုလ်ဝင်းအတွင်းနှင့် ဘားအံမြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် လှာကမြင်ကွက်သစ်ရှိ ဖွဲကပင် မိုးလုံလေလုံအားကစားရုံ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက အားကစားရုံအား ဘဏ္ဍာရေးနှစ်အလိုက် တည်ဆောက်ပြီးစီးမှုအခြေအနေ များ၊ အခန်းများ ထည့်သွင်းဖွဲ့စည်းတည်ဆောက်ထားမှု အခြေအနေများ၊ ကျင်းပပြုလုပ်နိုင်သည့် အားကစား နည်းများနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီ သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အားကစားရုံအား တည်ဆောက် ရာတွင် စနစ်တကျဖြစ်စေရေးနှင့် သတ်မှတ်စံချိန်စံညွှန်း များ ကိုက်ညီမှုရှိစေရေး စနစ်တကျ ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဖွဲကပင် မိုးလုံလေလုံ အားကစားရုံ တည်ဆောက်နေမှု လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည် များ လမ်းညွှန်မှာကြားသည်။

■ ■ ■

# မွန်ပြည်နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား

( ၁၆ - ၁၁ - ၂၀၂၅ )






ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား နိုဝင်ဘာလ ၁၆ ရက်နေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲ အခမ်းအနားသို့ ကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မွန်ပြည်နယ် ဝန်ကြီးချုပ်၊ မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြသည်။

နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယခုတစ်ကြိမ် မော်လမြိုင်ခရီးစဉ်၌ မော်လမြိုင်ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို သိသာစွာမြင်တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ မွန်ပြည်နယ်သည် စီးပွားရေးတိုးတက်ကောင်းမွန်သည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွင်း ပြည်တွင်း ပြည်ပခရီးသွားများအား ဆွဲဆောင်နိုင်သည့် နေရာများစွာ ရှိကြောင်း၊ ထို့ကြောင့် “အိမ်သာမှ ဧည့်လာမည်” ဆိုသည့်အတိုင်း မိမိတို့ မြို့ရွာပတ်ဝန်းကျင်များ သန့်ရှင်းသာယာ လှပအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများလည်း များစွာရှိသဖြင့် ပြန်လည်ပြုပြင်ထိန်းသိမ်း၍ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လေ့လာနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊

မော်လမြိုင်ကမ်းနားလမ်းတစ်လျှောက် ပြည်သူများ လွတ်လပ်စွာ အပန်းဖြေအနားယူနိုင်ရေးအတွက် လူသွား လမ်းအား အဆင့်မြှင့်တင်ခြင်းနှင့် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်နိုင်သည့် နေရာများကို တည်ဆောက် ပေးသွားမည်ဖြစ်ကြောင်း၊ မော်လမြိုင်လေဆိပ် တိုးချဲ့ နိုင်ရေးနှင့် ပြည်တွင်းလေကြောင်းလိုင်းများအနေဖြင့် မော်လမြိုင်လေဆိပ်သို့ ဆင်းသက်ပြေးဆွဲလျက်ရှိပြီး ထပ်မံတိုးချဲ့ပြေးဆွဲနိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မီးရထား ပို့ဆောင်ရေးကဏ္ဍ မြှင့်တင်နိုင်ရန်အတွက်လည်း ရထား လမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် ပြန်လည်ပြုပြင်ခြင်း များကို ဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် အချို့သော အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ကုန်စည်စီးဆင်းမှုကို အနှောင့်အယှက်ဖြစ်စေလျက်ရှိ ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံအဆောက်အအုံ များ ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသော်လည်း အဖျက်သမားအချို့ကြောင့် တည်ဆောက်ပြီး လမ်း၊ တံတား၊ အဆောက်အအုံများ ပျက်စီးခဲ့ရမှုများရှိကြောင်း၊ ၎င်းတို့ ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့ရသည်များကို ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေရသဖြင့် နိုင်ငံတော် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် နှောင့်နှေး နေရကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အတွက် လိုအပ်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ များကိုလည်း ထပ်မံထုတ်ချေးပေးနိုင်ရေး စီမံဆောင်ရွက် လျက်ရှိကြောင်း၊ နိုင်ငံတော်က ထုတ်ချေးပေးထားသည့် ရင်းနှီးမတည်ငွေများကိုလည်း သတ်မှတ်ထားသည့် အချိန်ကာလအတွင်း စနစ်တကျ ပြန်လည်ပေးဆပ်ကြ ရန်လည်းလိုကြောင်း။

မိမိတို့အနေဖြင့် ဒေသစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရန်လိုသကဲ့သို့ မွေးမြူရေးလုပ်ငန်းများကို လည်း စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ထိုက်သင့်သည့် ဈေးနှုန်းများ ဖြစ်စေရေး မိမိတို့အနေဖြင့် စီမံဆောင်ရွက် ပေးထားကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ လျော့နည်း လာမည်ဆိုပါက ပြည်တွင်း ကုန်ဈေးနှုန်းများလည်း ကျဆင်း လာမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသတွင်း လိုအပ်သည့် ရောင်းလိုအားနှင့် ဝယ်လိုအားကို တွက်ချက်၍ ကုန်ထုတ်

> မော်လမြိုင်ကမ်းနားလမ်းတစ်လျှောက် ပြည်သူများလွတ်လပ်စွာ အပန်းဖြေ အနားယူနိုင်ရေးအတွက် လူသွားလမ်းအား အဆင့်မြှင့်တင်ခြင်းနှင့် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်နိုင်သည့် နေရာများကို တည်ဆောက်ပေးသွားမည်ဖြစ်၊ မော်လမြိုင်လေဆိပ် တိုးချဲ့နိုင်ရေးနှင့် ပြည်တွင်းလေကြောင်းလိုင်းများအနေဖြင့် မော်လမြိုင်လေဆိပ်သို့ ဆင်းသက်ပြေးဆွဲ လျက်ရှိပြီး ထပ်မံတိုးချဲ့ပြေးဆွဲနိုင်ရေး အတွက်လည်း မိမိတို့အနေဖြင့် စီမံဆောင်ရွက်လျက်ရှိ၊ အလားတူ မီးရထားပို့ဆောင်ရေးကဏ္ဍ မြှင့်တင်နိုင်ရန် အတွက်လည်း ရထားလမ်းများ အဆင့်မြှင့် တင်ခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းများကို ဆောင်ရွက်လျက်ရှိ၊ နိုင်ငံတော်အစိုးရ အနေဖြင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းတည်ဆောက်ပေးလျက် ရှိသော်လည်း အဖျက်သမားအချို့ကြောင့် တည်ဆောက်ပြီး လမ်း၊ တံတား၊ အဆောက်အအုံများ ပျက်စီးခဲ့ရမှုများရှိ၊ ၎င်းတို့ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့ရသည် များကို ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေရသဖြင့် နိုင်ငံတော် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆက်လက်ကောင်အထည်ဖော် ဆောင်ရွက်ရန် နှောင့်နှေးနေရ။

လုပ်မှုများကို စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ ထိုမှ တစ်ဆင့် ပိုလျှံသည့် ထုတ်ကုန်များကို အခြားဒေသများနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်သဖြင့် ဒေသဝင်ငွေတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ တစ်ဧကအထွက်နှုန်း တိုးတက်အောင် ဒေသတွင်း ဝမ်းစာဖူလုံမှုကို ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စပါးစိုက်ပျိုးမှုအပါအဝင် ပန်းတိုင်ရည်မှန်းချက်ပေးထားသည့် သီးနှံများ တစ်ဧကအထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိသဖြင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံခန့် ဆုံးရှုံးနေရကြောင်း၊ ထို့ကြောင့် တစ်ဧကအထွက်နှုန်းများ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စပါးတစ်ဧကအထွက်နှုန်းပြည့်မီရေးအတွက် နည်းစနစ်တကျ စိုက်ပျိုးရန်လိုပြီး ပင်ကြားတန်းကြားများ ပြည့်မီအောင် စိုက်ပျိုးကြရန်လိုကြောင်း၊ မျိုး၊ မြေ၊ ရေ၊ နည်းစသည့် လေးမျိုးကို စနစ်တကျအသုံးချ၍ စိုက်ပျိုးဆောင်ရွက်သွားမည်ဆိုပါက တစ်ဧကအထွက်နှုန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း။

မွန်ပြည်နယ်နှင့်ပတ်သက်၍ ခရိုင်များအလိုက် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအခြေခံပညာ အထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထိုသို့ဖွင့်လှစ်ရာတွင် မွေးမြူရေးပညာရပ်အတွက် တက်ရောက်သည့် ကျောင်းသား၊ ကျောင်းသူဦးရေမှာ နည်းပါးလျက်ရှိကြောင်း၊ အဆိုပါ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအခြေခံပညာ အထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် ဒေသ၏ ကုန်ထုတ်လုပ်ငန်းများအတွက် မဖြစ်မနေလိုအပ်သည့် လူသားအရင်းအမြစ်များကို ရရှိမည်ဖြစ်ကြောင်း၊ စားရေရိက္ခာဖူလုံရေး၌ အရေးပါသည့် အသား၊ ငါး၊ ဥများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် သက်သာသော ဈေးနှုန်းရရှိစေရေး မွေးမြူရေးလုပ်ငန်းသည် အရေးကြီးကြောင်း၊ ဒေသအတွက် လိုအပ်သည့် အသား၊ ငါးနှင့် ဥများကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက အသား၊ ငါးနှင့် ဥများ၏ ဈေးနှုန်းများ တည်ငြိမ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ တိုးချဲ့ဆောင်ရွက်သွားကြရန် လိုသကဲ့သို့ မီးဖိုချောင်သုံး သီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ဒေသမှ ထွက်ရှိသည့် အသား၊ ငါးများကို အေးခဲအသား၊ ငါးများအဖြစ် အဆင့်မြှင့် ကုန်ချော ထုတ်ကုန်များ ပြုလုပ်ကာ ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည်ဆိုပါကလည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

ထိုကဲ့သို့ ကုန်ထုတ်လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရေး အထူးအလေးပေး မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မွန်ပြည်နယ်အနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားသော်လည်း တန်းစဉ်ကူးပြောင်းမှု ရာခိုင်နှုန်းမှာ နည်းပါးနေသေးသဖြင့် အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ တန်းစဉ်ကူးပြောင်းမှု ရာခိုင်နှုန်းများ ယခင်ကထက် မြင့်မားလာစေရေး၊ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းတက်ရောက်ပညာသင်ယူနိုင်ရေး အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာအလယ်တန်းအဆင့် ပြီးဆုံးသည်အထိသာ ကျောင်းတက်ရောက်ခဲ့ရသူများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလမ်းစဉ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ပါဝင်နိုင်ရေး စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင် ဝင်ရောက်နိုင်သည့် Polytechnic ကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးနှင့်ဆက်စပ်၍ တက္ကသိုလ်များ၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများ၌ အားကစားကို အဆင့်မီမီ ဆောင်ရွက်နိုင်ရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာသင်ယူရုံသာမက ကိုယ်လက်လှုပ်ရှားအားကစားကိုလည်း ဆောင်ရွက်မှသာလျှင် ကျန်းမာကြံ့ခိုင် သန်စွမ်းသည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ ထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ၊ ဆရာမများအနေဖြင့်လည်း မိမိတို့၏ တပည့်သားသမီး

များ အမှန်တကယ် စာတတ်မြောက်စေရေး၊ အနာဂတ် ဘဝလမ်းခရီးကိုပညာရပ်များအသုံးချ၍ ပင်ပန်းကြောင့်ကြမှု ကင်းစွာ ဖြတ်သန်းသွားနိုင်ရေး အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ပေးနိုင်ရမည်ဖြစ်ကြောင်း။

နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းမှု အားနည်းလာသဖြင့် အချို့သော နယ်စပ်ဂိတ်များကို ပိတ်ထားရကြောင်း၊ အချို့သော ဝန်ထမ်းများ၊ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုမရှိဘဲ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် တရားမဝင် ကုန်သွယ်မှုများတွင် ပါဝင်ပတ်သက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ တရားမဝင်ကုန်သွယ်မှုများ ဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသများရှိ လက်နက်ကိုင် အဖွဲ့အစည်းများကို သက်ဆိုးရှည်စေနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သည့် အခွန်အခများ ရရှိမှုမရှိသည့်အတွက် ထိခိုက်နစ်နာရလျက်ရှိကြောင်း၊ အလားတူ နယ်စပ်ဒေသများ၌ အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) ကျူးလွန်နေသူများ မရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ အခြေပြုဆောင်ရွက်လျက်ရှိသည့် အခြေခံ အဆောက်အအုံများကိုပါ ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ အမြစ်ပြတ် ချေမှုန်းရှင်းလင်းသွားမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မွန်ပြည်နယ်အတွင်း ငရုတ်ကောင်းစိုက်ပျိုးမှုကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံ၏ စီးပွားရေး ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ကော်ဖီနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် ကုန်းမြင့်ကော်ဖီများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသကဲ့သို့ မြေနိမ့်ကော်ဖီဖြစ်သည့် (ရိုဘက်စတာမျိုး)များ စိုက်ပျိုးဖြစ်ထွန်းသည်ကိုတွေ့ရကြောင်း၊ မွန်ပြည်နယ်တွင် စိုက်ပျိုးထားရှိပြီးဖြစ်သည့် ရော်ဘာ၊ မင်းဂွတ်၊ ဒူးရင်း စသည့် နှစ်ရှည်ပင်များအတွင်း မြေနိမ့်ကော်ဖီကို သီးညှပ်စိုက်ပျိုးသွားမည်ဆိုပါက ဝင်ငွေများစွာတိုးတက်ဖြစ်ထွန်းလာစေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သုံးရေရရှိစေရေးအတွက်လည်း မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်စေရေး ဖြစ်သင့်ဖြစ်ထိုက်သည့် နည်းလမ်းများနှင့် အကြံပြုချက်များ၊ လမ်းညွှန်ချက်များပေးခဲ့ပြီး ဖြည့်ဆည်းပေးရန် လိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်း၏ အသီးအပွင့်များကို အမှန်တကယ်အကျိုးခံစားရမည်မှာ ၎င်းဒေသတွင် နေထိုင်သည့် ဒေသခံများပင်ဖြစ်ကြောင်း၊ လူတစ်ဦးစီ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသတစ်ခုချင်းစီအလိုက် ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် နိုင်ငံ့စီးပွားရေးအားသည်လည်း ကောင်းလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မွန်ပြည်နယ်အနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

> **နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းမှု အားနည်းလာသဖြင့် အချို့သော နယ်စပ်ဂိတ်များကို ပိတ်ထားရ၊ အချို့သော ဝန်ထမ်းများ၊ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုမရှိဘဲ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် တရားမဝင် ကုန်သွယ်မှုများတွင် ပါဝင်ပတ်သက်လျက်ရှိ၊ ထိုကဲ့သို့ တရားမဝင်ကုန်သွယ်မှုများ ဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသများရှိ လက်နက်ကိုင်အဖွဲ့အစည်းများကို သက်ဆိုးရှည်စေနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သည့် အခွန်အခများ ရရှိမှုမရှိသည့်အတွက် ထိခိုက်နစ်နာရလျက်ရှိ။**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) မှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ်အစိုးရအဖွဲ့ အားကစားနှင့် ကာယပညာဦးစီးဌာန ရာမညအားကစားကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်ခန်းမတွင် ပြည်နယ်လူမှုရေးရာဝန်ကြီးက ရာမညအားကစားကွင်း တည်ဆောက်ထားရှိမှုအခြေအနေ၊ ပြည်နယ်ကျောင်းသားအားကစားကွင်း တည်ဆောက်ထားရှိမှုအခြေအနေ၊ လူငယ်စင်တာ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ပြည်နယ်အားကစားဥယျာဉ် တည်ဆောက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက သိရှိလိုသည်များကို ပြန်လည်မေးမြန်းပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နောင်တွင်ဖြစ်ပေါ်လာနိုင်မည့် အခြေအနေအရပ်ရပ်ကိုပါ ထည့်သွင်းတွက်ချက်၍ ရေရှည်အကျိုးဖြစ်စေသည့် ဆောင်ရွက်မှုများ ဖြစ်ရန်လိုကြောင်း၊ အားကစားကွင်းများသည် အဆင့်မီရမည်ဖြစ်ပြီး အားကစားသမားများ အနေဖြင့် အဆင့်အတန်းရှိစွာဖြင့် ကစားနိုင်သည့် အနေအထားဖြစ်ရန်လိုသကဲ့သို့ ပွဲကြည့်ပရိသတ်များ အနေဖြင့် ပြည်နယ်အဆင့်နှင့်လျော်ညီစွာ ကြည့်ရှုအားပေးနိုင်ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ရာမညအားကစားကွင်းအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

■ ■ ■

# အရှေ့တောင်တိုင်း စစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ပြောကြားသည့် အမှာစကား

( ၁၆ – ၁၁ – ၂၀၂၅ )



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ နိုဝင်ဘာလ ၁၆ ရက်နေ့ နံနက်ပိုင်းတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများ အား စစ်ဆေးသည်။

ဦးစွာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်က တိုင်းစစ်ဌာနချုပ်နယ်မြေ အတွင်း လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေ စိုးမိုးရေး ဆောင်ရွက်နေမှု၊ တိုင်းစစ်ဌာနချုပ်နယ်မြေ အတွင်း လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်ရေးနှင့် လုံခြုံမှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်း လောင်းကစားလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသော တရားမဝင်ဆောက်လုပ်ထားသည့် KK Park အဆောက်အအုံ များအား ရှင်းလင်းဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ဒေသ များတွင် တရားမဝင်ကုန်သွယ်မှုများ မရှိစေရေး၊ တရား ဥပဒေစိုးမိုးရေး၊ အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ မရှိစေရေး အလေးထားဆောင်ရွက် လျက်ရှိမှုနှင့် အခြားလိုအပ်သည်များကို ရှင်းလင်း တင်ပြသည်။

**လုံခြုံရေး အစဉ်အမြဲဂရုပြုနေရန်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေး လုပ်ငန်းများကို အောင်မြင်အောင် လုပ်ဆောင်နိုင်ရန်လိုကြောင်း၊ ဒေသတွင်းလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ပတ်သက်လာပါက အစဉ်အမြဲဂရုပြုနေရန်နှင့် အလေးအနက်ထားဆောင်ရွက်သွားရန်လိုကြောင်း၊ လုံခြုံရေးနှင့် ပတ်သက်သည့် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များ အားလုံးကိုလည်း အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း မဟာဗျူဟာအရ အရေးကြီးသည့်လမ်းကြောင်းများအားလုံး လုံခြုံချောမွေ့စွာဖြင့် သွားလာအသုံးပြုနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အွန်လိုင်း ငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများကိုလည်း မိမိတို့အနေဖြင့် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူ၍ ဆက်လက်ရှင်းလင်းတိုက်ဖျက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ တပ်များအားလုံး၊ စစ်သည်များ အားလုံးအနေဖြင့် စစ်သည်တော်ကောင်းစိတ်ဓာတ်ဖြင့် မိမိတို့တပ်ဖွဲ့၊ အဖွဲ့အစည်း၏ ဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုကြောင်း၊ စည်းကမ်းစနစ်တကျရှိပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝသည့် တပ်များဖြစ်စေရေးအတွက်လည်း ကြပ်မတ်လေ့ကျင့်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးစွမ်းပကားမြင့်မားစေရေးအတွက်လည်း မိမိတို့ တပ်ရင်း၊ တပ်ဖွဲ့များအလိုက် လေ့ကျင့်ရေးလုပ်ငန်းများကို မှန်မှန်ကန်ကန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးတစ်ယောက်ချင်းစီအလိုက် တိုက်ပွဲဝင်လိုသည့် စိတ်ဓာတ်၊ တိုက်ပွဲဝင်ရဲသည့် စိတ်ဓာတ်များ ရှိစေရေးအတွက်လည်း လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မကြာမီ ကျင်းပပြုလုပ်သွားမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စေရေးအတွက်လည်း လိုအပ်သည်များကိုအလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များအပြင် ဒေသဖွံ့ဖြိုးရေး၊ နယ်မြေခံလူထု၏ အကျိုးစီးပွား ဖော်ဆောင်ရေးတို့ကိုလည်း သက်ဆိုင်ရာ နယ်မြေအလိုက်ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

**ဆေးရုံ တက်ရောက်ကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီး လိုက်လံအားပေး**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မော်လမြိုင်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့်နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ်ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာ ရရှိခဲ့မှုအခြေအနေ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံ လိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

■ ■ ■

# (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်းပွဲအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း

( ၁၉ - ၁၁ - ၂၀၂၅ )





ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေး အလံ အပ်နှင်းပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၉ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ကျင်းပရာ နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားပြီး အောင်နိုင်ရေးအလံကို အပ်နှင်းသည်။

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော် ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက် အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယ ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစား ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့်မြန်မာအားကစားအဖွဲ့ဝင်များက အသင်းအလိုက် ဂါရဝပြုမိတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး စတင်ကျင်းပရန် ရက်ပိုင်းခန့်သာလိုတော့ကြောင်း၊ သွားရောက်ပြိုင်ပွဲဝင်ကြမည့် အားကစားမောင်မယ်များ အားလုံး ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ၊ အားကစားပညာရပ်ပိုင်းဆိုင်ရာ အပါအဝင် အစစအရာရာ အသင့်ဖြစ်နေကြပြီဟု ယုံကြည်ကြောင်း။

နိုင်ငံတစ်ဝန်းရှိ မိဘပြည်သူများ အားလုံးကလည်း

အားကစားမောင်မယ်များ၏ ဖွဲ့၊ လုံ့လ၊ ဝီရိယ အပြည့်အဝဖြင့် "ပွဲမဝင်ခင် အပြင်ကကျင်းပ"ဆိုသည့်အတိုင်း အားကြိုးမာန်တက် ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်နေကြသည်များကို တွေ့မြင်သိရှိကြပြီး အောင်မြင်မှုရရှိရေး အားပေးကြရန် စိတ်အားထက်သန်လျက်ရှိကြကြောင်း။

"လေ့ကျင့်မှကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှ အောင်ပွဲခံ"ဆိုသည့်အတိုင်း လေ့ကျင့်သားပြည့်ဝပြီး ယုံကြည်မှုခိုင်မာစွာဖြင့် အောင်နိုင်လိုစိတ်များအပြည့်နှင့် ယှဉ်ပြိုင်ကြရန် အသင့်ဖြစ်နေကြပြီဟုလည်း မျှော်လင့်ကြောင်း။

အားကစား မောင်မယ်တို့အတွက် ယခုပြိုင်ပွဲကြီးသည် နိုင်ငံတော်အတွက် ဆုတံဆိပ်များ ဆွတ်ခူးပြီး အားကစားလူချွန်လူကောင်းများ ဖြစ်သည်ကို လက်တွေ့ပြသနိုင်မည့် အခွင့်အလမ်းကောင်းတစ်ရပ်လည်းဖြစ်ကြောင်း၊ အဆိုပါ အခွင့်အလမ်းကြီးကို အမိအရဆုပ်ကိုင်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်သွားနိုင်ကြမည်ဟုလည်း နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက ယုံကြည်မျှော်လင့်လျက်ရှိကြောင်း၊ ထိုသို့ နိုင်ငံတော်နှင့် မိဘပြည်သူများ၏ ယုံကြည်မျှော်လင့်ချက်များကို အကောင်အထည်ဖော်ရန် မောင်တို့မယ်တို့အနေဖြင့် ရေကုန်ရေခန်း အားထုတ်ကြိုးပမ်းသွားကြမည်ဟုလည်း အလေးအနက် ယုံကြည်ကြောင်း။

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၅၄ မျိုး ထည့်သွင်းကျင်းပမည်ဟု သိရှိရပြီး မိမိတို့နိုင်ငံအနေဖြင့် အချိန်ယူ စခန်းသွင်းလေ့ကျင့်ခဲ့ပြီး အဆင့်မီမီ ပါဝင်ယှဉ်ပြိုင်နိုင်မည့် အားကစားနည်း ၃၈ မျိုးတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ လက်ရွေးစင် အားကစားသမားများကို လေ့ကျင့်ရာတွင် အထောက်အကူပြုရေးအတွက် အားကစားဆေးဘက်ဆိုင်ရာ၊ စိတ်ပညာဆိုင်ရာနှင့် တားမြစ်ဆေးဝါးအကြောင်း အသိပညာ ဆွေးနွေးပွဲပေါင်း (၁၄)ကြိမ် ကျင်းပပေးခဲ့ခြင်းအပြင် လက်ရွေးစင်အားကစားသမားများအတွက် ဆေးပစ္စည်းများ ဖြည့်တင်းပေးခဲ့ပြီး စခန်းသွင်းလေ့ကျင့်ရေးအတွက် စားစရိတ်၊ ထောက်ပံ့ကြေး၊ လေ့ကျင့်ရေးသုံးပစ္စည်း၊ ပြိုင်ပွဲသုံးပစ္စည်း ကုန်ကျစရိတ်များကိုလည်း နိုင်ငံတော်ဘဏ္ဍာမှ ကျခံသုံးစွဲဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ထို့ပြင် ပြိုင်ပွဲတွင် အဆင့်မီမီ ယှဉ်ပြိုင်ရန်နှင့် ပြည်ပအတွေ့အကြုံရရှိစေရန်အတွက် ပြည်ပနိုင်ငံများသို့ အားကစားနည်း ၂၉ မျိုးကို (၁၁၉)ကြိမ် သွားရောက်ယှဉ်ပြိုင်စေခဲ့ပြီးဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများတွင် ပူးတွဲလေ့ကျင့်မှုအဖြစ် အားကစားနည်း ၁၆ မျိုးကို အကြိမ်(၃၀) စေလွှတ်လေ့ကျင့်စေခဲ့ကြောင်း၊ နိုင်ငံခြားသား နည်းပြငါးဦးကိုလည်း နိုင်ငံတော်စရိတ်ဖြင့် ငှားရမ်းလေ့ကျင့်စေရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပြီးခဲ့သည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအသင်းသည်အားကစားနည်း ၁၉ နည်း ဝင်ရောက်ယှဉ်ပြိုင်ရာမှ ရွှေတံဆိပ် ၂၁ ဆု၊ ငွေတံဆိပ် ၂၅ ဆု၊ ကြေးတံဆိပ် ၆၈ ဆု စုစုပေါင်း ၁၁၄ ဆုရရှိခဲ့သည်ကို နိုင်ငံတော်က ဆုကြေးငွေစုစုပေါင်း ငွေကျပ် ၃၃၃၃ သိန်း ချီးမြှင့်ခဲ့ကြောင်း။

ယခု (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အနေဖြင့် ယခင်ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အကြိမ်များထက် ဆုတံဆိပ် ပိုမိုရရှိအောင် စွမ်းဆောင်ပေးကြရန် မှာကြားလိုကြောင်း၊ သို့မှသာ မြန်မာအားကစားအဖွဲ့၏ အောင်မြင်မှုသမိုင်းကို တိုးတက်မှုနှင့် မှတ်တမ်းတင်သွားနိုင်ကြမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်ကိုလည်း မြှင့်တင်ပေးရာ ရောက်မည်ဖြစ်ကြောင်း။

**မျှော်မှန်းကြိုးပမ်း**

အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် အာဆီယံဒေသတွင်း၌ အမြင့်မားဆုံး အားကစားပြိုင်ပွဲတစ်ခုဖြစ်သည့်အတွက် ယခုပြိုင်ပွဲမှတစ်ဆင့် အာရှနှင့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများအထိ ဆက်လက်ပြီး ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မျှော်မှန်းကြိုးပမ်းသွားကြစေလိုကြောင်း၊ အားကစားပြိုင်ပွဲဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဖွဲ့၊ လုံ့လ၊ ဝီရိယ ကြိုးပမ်းအားထုတ်မှုများနှင့် စည်းလုံးညီညွတ်မှုများကို တရားမျှတစွာ ဖော်ထုတ်ပြသနိုင်သည့် စွမ်းရည် ယှဉ်ပြိုင်မှုလည်းဖြစ်ကြောင်း။

အမိ မြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံသားအားလုံး၏ ဂုဏ်သိက္ခာနှင့် သက်ဆိုင်၍လည်း ပြိုင်ပွဲတိုင်းအနိုင်ရရှိရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာအားကစား အဖွဲ့ဝင်အားလုံး၏ ပခုံးထက်တွင် ရှိနေသည်ကိုလည်း သတိပြု နှလုံးသွင်းထားကြရမည်ဖြစ်ကြောင်း။

တစ်မျိုးသားလုံး သက်ရှည်ကျန်းမာစေရေးအတွက် အားကစားကဏ္ဍသည် အရေးကြီးကြောင်း၊ “အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်” ဆိုသည့် ဆောင်ပုဒ်အတိုင်း အားကစားစိတ်ဓာတ်သည် တိုင်းချစ်ပြည်ချစ်စိတ်ကို ဖြစ်ပေါ်လာစေပြီး တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ်ပေါ်ပေါက်လာစေမည်ဖြစ်သည့်အတွက် အားကစားကဏ္ဍကို အားပေးမြှင့်တင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ တာဝန်ယူနေစဉ်ကာလတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့က ကျန်းမာရေးဝန်ကြီးဌာနနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနဆိုပြီး သီးခြားစီဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် ငယ်ရွယ်စဉ်ကတည်းက ပညာသင်ယူခြင်းနှင့်အတူ အားကစားလိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်ပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်လာအောင် ပြုစုပျိုးထောင်သွားမည့် ရည်ရွယ်ချက်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက်က အာရှအားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှပြိုင်ပွဲများတွင် အားကစားဆုတံဆိပ်များ ရယူပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများအား စဉ်ဆက်မပြတ်ဂုဏ်ပြုချီးမြှင့်ပေးခဲ့ပြီး အသက် ၆၀ ပြည့်မြောက်သည့်အချိန်မှစ၍ သက်ရှိထင်ရှားရှိနေသမျှ ကာလပတ်လုံး လစဉ်ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်လျက်ရှိကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ နိုင်ငံ့ဂုဏ်ဆောင် နေ့ကြီး၊ ရက်ကြီးများတွင်လည်း အားကစားသမားများကို ဝဏ္ဏကျော်ထင်ဘွဲ့၊ လူမှုထူးချွန်တံဆိပ် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် စသည်ဖြင့် ထိုက်ထိုက်တန်တန် ချီးမြှင့်ဂုဏ်ပြုပေးလျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်အထိ ဝဏ္ဏကျော်ထင်ဘွဲ့ ၂၁ ဦး၊ လူမှုထူးချွန်တံဆိပ်(ပထမအဆင့်) ၆၅ ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယအဆင့်) ၄၈ ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယအဆင့်) ၇၈ ဦး၊ စုစုပေါင်း ၂၁၂ ဦး ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း၊ ချီးမြှင့်ရန် ကျန်ရှိသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကိုလည်း ဆက်လက်ပြီး စိစစ်ချီးမြှင့် ဂုဏ်ပြုပေးသွားမည်ဖြစ်သကဲ့သို့ ယခုပြိုင်ပွဲတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များရယူပေးကြမည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များ အနေဖြင့်လည်း အလားတူ အခွင့်အရေးများ ရရှိလာကြမည်ဖြစ်ကြောင်း။

ယခု နိုင်ငံတော်ကို ကိုယ်စားပြုပြီး သွားရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံ့လက်ရွေးစင် အားကစားသမားများသည် ကျန်းမာကြံ့ခိုင်မှု၊ နည်းစနစ် ပိုင်နိုင်ကျွမ်းကျင်မှု၊ အားကစားစွမ်းဆောင်ရည် မြင့်မားမှု၊ စံချိန်စံညွှန်းကောင်းမွန်မှု စသည့်အချက်များနှင့် ပြည့်ပြည့်ဝဝ ခိုင်ခိုင်မာမာ ရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲတွင် အောင်နိုင်ရေးနှင့် အမိနိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ရေးဆိုသည့် တာဝန်ကြီးကို မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အရင်းတည်ပြီး

**အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် အာဆီယံဒေသတွင်း၌ အမြင့်မားဆုံး အားကစားပြိုင်ပွဲတစ်ခုဖြစ်သည့်အတွက် ယခုပြိုင်ပွဲမှတစ်ဆင့် အာရှနှင့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများအထိ ဆက်လက်ပြီး ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မျှော်မှန်းကြိုးပမ်းသွားကြစေလို၊ အားကစားပြိုင်ပွဲဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယ ကြိုးပမ်းအားထုတ်မှုများနှင့် စည်းလုံးညီညွတ်မှုများကို တရားမျှတစွာ ဖော်ထုတ်ပြသနိုင်သည့် စွမ်းရည်ယှဉ်ပြိုင်မှုလည်းဖြစ်၊ အမိ မြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံသားအားလုံး၏ ဂုဏ်သိက္ခာနှင့် သက်ဆိုင်၍လည်း ပြိုင်ပွဲတိုင်းအနိုင်ရရှိရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာအားကစား အဖွဲ့ဝင်အားလုံး၏ ပခုံးထက်တွင် ရှိနေသည်ကိုလည်း သတိပြု နှလုံးသွင်းထားကြရမည်။**

ဖွဲ့၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်ကာ အစွမ်းကုန် ကြိုးပမ်းသွားကြရန် ထပ်မံတိုက်တွန်းလိုကြောင်း။

ပြိုင်ပွဲကြီးက ပေါ်ထွက်လာမည့် အားကစား အောင်မြင်မှုများကိုလည်း ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့် ပေးသွားမည်ကိုပြောကြားလိုကြောင်း၊ (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ယခုကဲ့သို့ သွားရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အဘက်ဘက်မှ ကူညီအားပေးခဲ့ကြသည့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များအပါအဝင် အားလုံးကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း။

မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်ရေးဆိုသည့် အမျိုးသားရေးသန္နိဋ္ဌာန်ဖြင့် ရေကုန်ရေခန်း ကြိုးပမ်းယှဉ်ပြိုင်သွားကြရန်၊ ပြိုင်ပွဲကာလအတွင်း အသင်းအဖွဲ့စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်များဖြင့် အချင်းချင်း ရိုင်းပင်းကူညီသွားကြရန်၊ နိုင်ငံကြီးသားစိတ်ဓာတ်ဖြင့် တရားမျှတ သန့်ရှင်းစွာ ယှဉ်ပြိုင်ပြီး အရှေ့တောင်အာရှဒေသ ညီနောင်နိုင်ငံများအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်ပေးနိုင်သည့် အားကစားချစ်ကြည်ရေးသံတမန်ကောင်းတာဝန်များကို ကျေပွန်ခဲ့ကြရန်၊ အားကစားနှင့် တိုင်းပြည်ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် အားကစားသူရဲကောင်းမောင်မယ်များအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အောင်လံလွှင့်ပျံနေစေရေး စွမ်းဆောင်သွားကြရန် တိုက်တွန်းအားပေး မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ထံ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေးအလံအဖြစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အပ်နှင်းသည်။

ဆက်လက်၍ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားပြီး အားကစားအဖွဲ့များ အသုံးပြုမည့် အားကစားနည်းများအလိုက် အသုံးအဆောင်ပစ္စည်းများကို ပြခန်းတစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

■ ■ ■

# ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၂၀ - ၁၁ - ၂၀၂၅ )



၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားကို နိုဝင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟို ဌာန-၁ ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ စာပေဆုများ ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင် အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ကော်မရှင် အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင် ဆရာကြီး၊ ဆရာမကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေပညာရှင်များ၊ အနုပညာရှင်များ၊ စာပေဝါသနာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိကြသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များ၊ စာအုပ်စာစောင်နှင့် စာပေဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင် ဝန်ထမ်းများ၏ "ဘဝအလင်းရောင် စာပေတန်ဆောင်" ပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်မှုနှင့် "စာပေအလင်း အမှောင်ခွင်း မြန်မာစာပေအစ ကျေးဇူးတရားက" မှတ်တမ်း Video Clip ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ပြီး အသိဉာဏ်ပညာနှင့် ဗဟုသုတအဖြာဖြာ တိုးပွားရာတိုးပွားကြောင်း ပေးစွမ်းသည့် စာအုပ်စာပေများကို ပြုစုရေးသားအားထုတ်ကြသည့် စာဆိုတော်ကြီးများကို ဂုဏ်ပြုချီးမြှင့်သည့် စာပေအခမ်းအနားများ၊ စာပေဟောပြောပွဲများကိုမြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပလေ့ရှိကြကြောင်း။

နိုင်ငံနှင့် အများပြည်သူတို့၏ ကောင်းကျိုးအဖြာဖြာကို ကလောင်စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ စာပေဂုဏ်ကျေးဇူးကို လေးမြတ်ဂုဏ်ပြုလျက် စာဆိုတော်နေ့ အခမ်းအနားကို မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ခုအဖြစ် ၁၉၄၄ ခုနှစ်မှ စတင်ပြီး ကျင်းပလာကြသည်မှာ နှစ်ပေါင်း ၈၀ ကျော်ကြာခဲ့ပြီဖြစ်ကြောင်း။

"အလိမ္မာစာမှာရှိ" ဆိုသည့်စကားအတိုင်းလူသားများအတွက် အသိပညာနှင့် အလိမ္မာပညာကို စာပေက ပေးပါကြောင်း၊စာပေကပေးသည့် အသိပညာနှင့်အလိမ္မာကို အခြေခံပြီး လူ့ပတ်ဝန်းကျင် အဆောက်အအုံကြီးကြီးထွား စည်ပင်လာခြင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့် စာပေသည် အလေးအမြတ်ထားအပ်သည့် ဂုဏ်ကျေးဇူးရှိပြီး စာပေများကို ပြုစုကြသည့် စာဆိုတော်ကြီးများ၏ ကြီးမားလှသည့်ဂုဏ်ကျေးဇူးများကို လေးစားဂုဏ်ပြုသည့်အနေဖြင့် စာဆိုတော်နေ့အခမ်းအနားကို ကျင်းပပြုလုပ်ကာ ဂုဏ်ပြုပူဇော်ကြခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ပုဒ်သုံးခု ချမှတ်ထားရာတွင် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့" ဟူသည့်အချက်လည်း ပါဝင်ကြောင်း၊ ပညာရေးတွင် အသိပညာ၊ အတတ်ပညာနှင့် အတန်းပညာမြင့်မားရေး အားလုံးအကျုံးဝင်ကြောင်း၊ ပညာရေး၏ အခြေခံအကျဆုံးသည်စာပေဖြစ်ပြီး စာပေကပင် ပညာကို ပေးစွမ်းခြင်းဖြစ်ကြောင်း။

ထို့ကြောင့်လည်း တိုးတက်သည့် နိုင်ငံတိုင်းက စာပေကို အလေးထားပြီး စာကောင်းပေမွန်များ ရေးသားပြုစုသူ စာပေပညာရှင်များကို ချီးမြှောက်ဂုဏ်ပြုကြကြောင်း၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလတွင် ပြည်သူကို မျိုးချစ်စိတ်ရှင်သန်စေခဲ့သကဲ့သို့ လွတ်လပ်ရေးရပြီးစ နိုင်ငံတော်ကိုပြန်လည်ထူထောင်သည့် ကာလတွင်လည်း အသိအမြင်တိုးပွားစရာ သုတစာပေများ ခေတ်နှင့်အညီ ပေါ်ထွက်လာခဲ့ပါကြောင်း၊ အလုပ်သမား၊ လယ်သမား အကျိုးပြုစာပေများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အားပေးသည့် စာပေများ ထွက်ပေါ်ခဲ့သကဲ့သို့ နိုင်ငံတော် အစိုးရက ချီးမြှင့်သည့် စာပေဗိမာန်ဆု၊ အနုပညာစာပေဆိုင်ရာဆု၊ အမျိုးသားစာပေဆု၊ ပုဂ္ဂလိက အဖွဲ့အစည်းများက ချီးမြှင့်သည့် စာပေဆုများ၊ စာပေပြိုင်ပွဲများ၊ စာရေးဆရာအသင်းအဖွဲ့များနှင့်မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့စသည်များကလည်း စာပေဖွံ့ဖြိုးရေးကိုအထောက်အကူပြုသည့် နောက်ခံများဖြစ်ခဲ့ကြကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံနှင့် ပြည်သူများ၏ ကောင်းကျိုးကိုရှေးရှုသည့်ခေတ်မီအသိပညာ၊အတတ်ပညာများကို ဖြန့်ဖြူးပေးသည့် သုတစာပေများ၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကိုယ့်ယဉ်ကျေးမှု အစဉ်အလာများကို လေးစားမြတ်နိုး တန်ဖိုးထားစိတ်များ ထက်သန်လာအောင် လှုံ့ဆော်ပေးသည့် ရသစာပေများကို အားထုတ်ရေးဖွဲ့ခဲ့ကြသည့် စာဆိုကြီးများ၏ စာကောင်းပေမွန်လက်ရာများကို အမျိုးသားစာပေဆုအဖြစ် ရွေးချယ်ပြီး စာဆိုတော်နေ့ရောက်တိုင်း နှစ်စဉ် ချီးမြှောက်ဂုဏ်ပြုလျက်ရှိကြောင်း၊ ထိုကဲ့သို့ ကောင်းမွန်သည့် အစဉ်အလာကို ၁၉၄၈ ခုနှစ်မှ စတင်ခဲ့ပြီး ယခုဆိုပါက နှစ်ပေါင်း ၇၀ ကျော်ရှိခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ လွတ်လပ်ရေး ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှုနှင့် ၁၉၄၇ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံ ဘာသာပြန် စာပေအသင်းအမည်ဖြင့် စတင်

တည်ထောင်ခဲ့သည့် စာပေဗိမာန်သည် တိုင်းရင်းသား ပြည်သူများ နိုင်ငံတကာ ဗဟုသုတတိုးပွားရေးအတွက် ဘာသာပြန်စာပေများနှင့် စာအုပ်စာပေများကို ပြုစုထုတ်ဝေရေးလုပ်ငန်းနှင့်အတူ မြန်မာစာပေဖွံ့ဖြိုးရေးအတွက် ၁၉၄၈ ခုနှစ်မှစပြီး "စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု"ကို ချီးမြှင့်ခဲ့ကြောင်း။

"စာပေဗိမာန် ကာလပေါ်ဝတ္ထုဆု" ကို "စာပေဗိမာန်ဆု"၊ "အနုပညာ စာပေဆိုင်ရာဆု"၊ "အမျိုးသားစာပေဆု"

> **တိုးတက်သည့် နိုင်ငံတိုင်းက စာပေကို အလေးထားပြီး စာကောင်းပေမွန်များ ရေးသားပြုစုသူ စာပေပညာရှင်များကို ချီးမြှောက်ဂုဏ်ပြုကြ၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလတွင် ပြည်သူကိုမျိုးချစ်စိတ် ရှင်သန်စေခဲ့သကဲ့သို့ လွတ်လပ်ရေးရပြီးစ နိုင်ငံတော်ကို ပြန်လည်ထူထောင်သည့် ကာလတွင်လည်း အသိအမြင်တိုးပွားစရာ သုတစာပေများ ခေတ်နှင့်အညီ ပေါ်ထွက်လာခဲ့၊ နိုင်ငံနှင့် ပြည်သူများ၏ ကောင်းကျိုးကို ရှေးရှုသည့် ခေတ်မီ အသိပညာ၊ အတတ်ပညာများကို ဖြန့်ဖြူးပေးသည့် သုတစာပေများ၊ ကိုယ့်နိုင်ငံကိုယ့်လူမျိုး ကိုယ့်ယဉ်ကျေးမှု အစဉ်အလာများကို လေးစားမြတ်နိုး တန်ဖိုးထားစိတ်များ ထက်သန်လာအောင် လှုံ့ဆော်ပေးသည့် ရသစာပေများကို အားထုတ်ရေးဖွဲ့ခဲ့ကြသည့် စာဆိုကြီးများ၏ စာကောင်းပေမွန်လက်ရာများကို အမျိုးသားစာပေဆုအဖြစ် ရွေးချယ်ပြီး စာဆိုတော်နေ့ရောက်တိုင်း နှစ်စဉ် ချီးမြှောက်ဂုဏ်ပြုလျက်ရှိ။**

စသည်ဖြင့် ဆုအမည်အမျိုးမျိုးပြောင်းလဲခဲ့ပြီး ဆုချီးမြှင့်မည့် ဘာသာရပ်များ၊ ဆုငွေများကိုလည်း တိုးတက်ချီးမြှင့်ခဲ့သည်မှာ ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေဆုတွင် ဆုချီးမြှင့်မည့် ဘာသာရပ် ၁၉ မျိုးအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။ အကြောင်းအမျိုးမျိုးကြောင့် ပုံနှိပ်ထုတ်ဝေခြင်းမပြုဖြစ်သေးသည့် ကလောင်ရှင်တို့၏ လက်ရာကောင်းမွန်သည့် စာမူများကို စာအုပ်ဖြစ်စေရေး အားပေးသည့်ရည်ရွယ်ချက်ဖြင့် "စာပေဗိမာန်စာမူဆု"အဖြစ် ချီးမြှင့်ခဲ့သည်မှာ ယခုနှစ်အတွက် ဘာသာရပ် ၁၄ မျိုးကို ရွေးချယ်ဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။

ထို့အပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သည့် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသည့်အနေဖြင့် "အမျိုးသားစာပေတစ်သက်တာဆု"ကို ၂၀၀၁ ခုနှစ်မှစပြီး နှစ်စဉ် ချီးမြှင့်ပေးအပ်ခဲ့ကြောင်း၊ ယခင်နှစ်အထိ စာပေပညာရှင်ကြီး ၄၈ ဦးကို အမျိုးသားစာပေတစ်သက်တာဆု ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း။

အမျိုးသား စာပေတစ်သက်တာဆုကို ချီးမြှင့်ရာတွင်လည်း စာပေပညာရှင်ကြီးများကို အလေးအမြတ်ထားသည့်အနေဖြင့် တစ်နှစ်ထက်တစ်နှစ် အရေအတွက်တိုးပြီး ချီးမြှင့်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ်တွင် စာပေပညာရှင်ကြီး ငါးဦးအထိ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ အမျိုးသားစာပေတစ်သက်တာဆု ချီးမြှင့်ခံရသည့် ဆရာ၊ ဆရာမကြီးတို့အားလုံးသည်လည်း ပညာဂုဏ်ရည်၊ စာပေဂုဏ်ရည်တို့ ပြည့်ဝကြပြီး လေးစားဂုဏ်ပြုသင့်ကြသည့် ပုဂ္ဂိုလ်ကြီးများဖြစ်ကြောင်း၊ စာပေပညာရှင်ကြီးများအားလုံးကို အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် နိုင်ငံတော်က ထိုက်တန်စွာ ချီးမြှောက်ခွင့်ရသည့်အတွက် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်သည်ကို ပြောကြားလိုကြောင်း။

၂၀၂၄ ခုနှစ်အတွက် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၉၅၉ အုပ်အတွင်းမှ အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့် ဘာသာရပ်၁၉ မျိုးအနက် ဘာသာရပ် ၁၄ မျိုးကို ရွေးချယ်ခဲ့ပြီး စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင် စာမူ ၂၄၇ စောင် အတွင်းမှ ဘာသာရပ် ၁၄ မျိုးအနက် ဆုချီးမြှင့်ရန် ထိုက်တန်သည့် စာမူပေါင်း

၃၀ ကို ရွေးချယ်ခဲ့ပြီးဖြစ်သဖြင့် ယနေ့အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်မှုများကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရေး နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ရွေးကောက်ပွဲကို အပိုင်းလိုက်တစ်ဆက်တည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ရွေးကောက်ပွဲမပြုလုပ်နိုင်သည့် မြို့နယ်များကိုလည်း ကျင်းပနိုင်သည့်အချိန်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထိုသို့ ရွေးကောက်ပွဲကာလ နီးကပ်လာသည်နှင့်အမျှ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိရန်လည်း အဓိကကျကြောင်း၊ နိုင်ငံတော်အစိုးရက နိုင်ငံရေးတည်ငြိမ်ရေးနှင့် ရွေးကောက်ပွဲများ စနစ်တကျ အောင်မြင်အောင် ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်သူများ အနေဖြင့်လည်း တိုင်းပြည်၏ အလှည့်အပြောင်းဟု ဆိုရမည့် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် ပါဝင်ကူညီပေးကြရန်နှင့် မိမိတို့ နိုင်ငံသားအချင်းချင်း စည်းလုံးညီညွတ်မှု၊ စိတ်ရှည်သည်းခံမှုနှင့် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို မြော်တွေးကြိုးပမ်းကြရန်လည်း တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထားပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုကြီးအဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစသည်တို့နှင့်အတူ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ရေးတို့အတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် အလွန်အရေးကြီးကြောင်း၊ပြည်သူအားလုံး ဒီမိုကရေစီအလေ့အထကောင်းများရရှိအောင်၊ အသိဉာဏ်ပညာများ ပြည့်ဝအောင်၊ ခေတ်မီ ဗဟုသုတများ ဆည်းပူးနိုင်အောင် "စာပေ" ဖြင့် ထိန်းကျောင်းလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း။

စာပေသည် လူတို့၏ စိတ်ခတ်ကို သိမ်မွေ့စေတတ်သကဲ့သို့ မေတ္တာတရားကိုလည်း ကြီးမားလေးနက်စေပါကြောင်း၊ ထို့အပြင် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ တာဝန်သိစိတ်တို့ကိုလည်း ပေးစွမ်းနိုင်ပါကြောင်း၊ ယခုကဲ့သို့ တိုင်းပြည်နှင့် လူမျိုးအတွက်ကြီးမားသည့် အကျိုးကျေးဇူးများကိုဆောင်ကြဉ်းပေးသည့် စာပေများကိုဖန်တီးရေးသားကြသည့် စာပေပညာရှင်ကြီးများကို ယနေ့စာဆိုတော်နေ့တွင် ဆုချီးမြှင့်ခွင့်ရသည့်အတွက် အလွန်ဝမ်းမြောက်မိပါကြောင်းကို ထပ်လောင်းပြောကြားလိုကြောင်း၊ ဆက်လက်၍လည်း သမိုင်းစဉ်ဆက် အခြေခိုင်ခဲ့သည့် မိမိတို့၏ မြန်မာစာပေ ပင်မကြီး လဲကျမသွားစေရေး စုပေါင်းအင်အားဖြင့် ဆက်လက်ပြုစုစောင့်ရှောက်ကြရန် မှာကြားလိုကြောင်း၊ အထူးသဖြင့် တန်ဖိုးမဖြတ်နိုင်သည့် စာပေယဉ်ကျေးမှုများကို နောင်လာနောက်သား မျိုးဆက်တို့အတွက် လက်ဆင့်ကမ်းအမွေအဖြစ် ပေးအပ်နိုင်ကြပြီး ပြောင်းလဲဖွံ့ဖြိုးလာသည့် ခေတ်ကာလများနှင့်အတူ အလျဉ်မပြတ် စီးဆင်းနိုင်သည့် မြန်မာစာပေရေစီးကြောင်း တည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့ ဆုချီးမြှင့်ခံကြရသည့် စာပေပညာရှင်ကြီးများ အသက်ရှည်ကျန်းမာ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပြီး အမျိုးဘာသာ သာသနာကောင်းကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သည့်၊ နိုင်ငံ၏ ပုံရိပ်ကို မြှင့်တင်ပေးနိုင်သည့် စာကောင်းပေမွန်များကို ဆက်လက် ရေးသားဖွဲ့ဆိုနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။

ယနေ့ အခမ်းအနားကို တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများ၊ စာပေဆုရရှိသူများ၊ ယခုကဲ့သို့ စာပေဆုများ အောင်မြင်စွာ ချီးမြှင့်နိုင်အောင် မိမိတို့၏ ကိုယ်ပိုင်အချိန်များကိုပေးပြီး အစည်းအဝေးများကို ကျင်းပပြုလုပ်ကာ စာပေစေတနာ အပြည့်အဝဖြင့် ဆောင်ရွက်ပေးခဲ့ကြသည့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ပညာရှင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာစာပေလောက ခိုင်မြဲစည်ပင်ဖွံ့ဖြိုးရေးအတွက် ဆက်လက်ပါဝင် ကူညီပေးကြရန် မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

■ ■ ■

# စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

## (၂၃ – ၁၁ – ၂၀၂၅ )





စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားအား နိုဝင်ဘာလ ၂၃ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)သို့ ရောက်ရှိကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဦးမျိုးသန့်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် ယခုကျင်းပသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားသည် နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ တစ်ခုလုံး အတွက် ကျက်သရေမင်္ဂလာရှိသည့် နေ့ထူးနေ့မြတ် အခမ်းအနားဖြစ်သကဲ့သို့ စတင်တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများနှင့် သင်ကြားရေး ဆရာ၊ ဆရာမများအတွက်လည်း သမိုင်းမှတ်တိုင်တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်မည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ကို ၂၀၂၅–၂၀၂၆ ပညာသင်နှစ်မှစတင်ပြီး ယခုကဲ့သို့ ဖွင့်လှစ်နိုင်ခြင်းသည်

နိုင်ငံတော်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအတွက် လိုအပ်လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်သည့်အပြင် နိုင်ငံ့စီးပွား မြှင့်တင်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းက အကျိုးပြုစေနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်လှစ်ရသည့် အခြေခံရည်ရွယ်ချက်များမှာ နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ အရည်အချင်းပြည့်ဝသည့် စိုက်ပျိုးရေးပညာ သိပ္ပံဘွဲ့နှင့် မွေးမြူရေးပညာ သိပ္ပံဘွဲ့ရပညာရှင်များ ပိုမိုသင်ကြားမွေးထုတ်ပေးနိုင်ရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် ခေတ်မီနည်းပညာများ၊ အတတ်ပညာများ လေ့လာသင်ယူနိုင်ကြစေရန်နှင့် လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများကို ပိုမိုအားကောင်းစွာ ဆောင်ရွက်နိုင်ကြစေရန်ပင်ဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် စိုက်ပျိုးရေးပညာရှင်များ၊ မွေးမြူရေးပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ သင်ကြားမှု၊ သင်ယူမှုသာမက သုတေသနအခြေပြု တက္ကသိုလ်တစ်ခု (Research Oriented University) အဖြစ် တိုးမြှင့်ဖြစ်ပေါ်လာစေရန်ကိုလည်း မျှော်မှန်းဦးတည်ချက်ထားရှိကြောင်း၊ ယခုတက္ကသိုလ်မှ အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံပြီး စိုက်ပျိုးရေး၊ မွေးမြူရေးဘာသာရပ်များနှင့် စိုက်ပျိုးမွေးမြူရေးအခြေခံ ကုန်ထုတ်လုပ်ငန်းများ အပါအဝင် စီးပွားရေးလုပ်ငန်းများကို ချိတ်ဆက်ပေးနိုင်မည့် ဘွဲ့ရပညာတတ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံထားသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတကာကို ကြည့်ပါကလည်း ဖွံ့ဖြိုးပြီး နိုင်ငံများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံပြီး စီးပွားရေးတိုးတက်အောင် စွမ်းဆောင်ခဲ့ရာမှ စက်မှုနိုင်ငံအထိ တည်ထောင်နိုင်ကြခြင်းဖြစ်ကြောင်း၊ အလားတူ ဖွံ့ဖြိုးဆဲနိုင်ငံများသည်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး စားရေရိက္ခာ ဖူလုံအောင်၊ ပိုလျှံအောင် လုပ်ဆောင်နိုင်ရန်နှင့် ကုန်ထုတ်လုပ်ငန်းများကို တိုးမြှင့်ပြီး MSME လုပ်ငန်းများမှတစ်ဆင့် နိုင်ငံတော်ကို ပြောင်းလဲတိုးတက်အောင် လုပ်ဆောင်နေကြကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ကြွယ်ဝသည့် ရေမြေသဘာဝအရင်းအမြစ်များနှင့် ရာသီဥတု ကောင်းမွန်မှုကို အရင်းပြုပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်စေရန်နှင့် အနာဂတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

**တိုးတက်အောင်ဆောင်ရွက်**

စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)၏ ၂၃ ဒသမ ၇ ရာခိုင်နှုန်းအထိ ပါဝင်နေကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၄၆ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ဆက်စပ်သည့် လုပ်ငန်းများတွင် အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ကျေးလက်နေ ပြည်သူများဖြစ်ကြကြောင်း၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်မှုသာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမြေအမြောက်အမြားရှိပြီး သီးနှံမျိုးစုံ စိုက်ပျိုးနိုင်သည့် ရာသီဥတုနှင့် ဂေဟစနစ်မျိုးစုံရှိခြင်း၊ ရေချိုအရင်းအမြစ် ကြွယ်ဝခြင်းတို့ကြောင့် ပြည်တွင်းစားရေရိက္ခာဖူလုံသည်သာမက ပိုလျှံသည့် လယ်ယာသားငါးထွက်ကုန်များကို ပြည်ပကို တင်ပို့လျက်ရှိကြောင်း၊ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ "စပါးကျီ" အဖြစ် သမိုင်းအစဉ်အလာကြီးသည့် ဒေသဖြစ်ကြောင်း၊ ယခုလို စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ကို ဖွင့်လှစ်နိုင်ခြင်းသည် ဧရာဝတီတိုင်းဒေသကြီး၏ အဓိကလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အပြင် တိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ခြင်းမှသည် နိုင်ငံတော်၏ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ရရှိစေနိုင်မည်ဟု ယုံကြည်ကြောင်း။

ယခင်က မြန်မာနိုင်ငံတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် တစ်ခုတည်းသော စိုက်ပျိုးရေးတက္ကသိုလ်ဖြစ်ပြီး အလားတူ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်

သည်လည်း တစ်ခုတည်းသော တက္ကသိုလ်အဖြစ်ရှိခဲ့ကြောင်း၊ လက်ရှိကာလတွင် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်သည် တစ်နှစ်တွင် စိုက်ပျိုးရေးဘွဲ့ရပညာရှင် ၃၀၀ ခန့်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သည် ၂၀၀ ခန့်သာ မွေးထုတ်ပေးနိုင်ကြောင်း၊ ကိုလိုနီခေတ်က စတင်၍ ဖွင့်လှစ်ခဲ့သည့် တက္ကသိုလ်နှစ်ခုသည် နိုင်ငံတော်အတွက် လိုအပ်သည့် ဘွဲ့ရပညာရှင်အရေအတွက် လုံလောက်အောင် မွေးထုတ်ပေးနိုင်ခြင်းမရှိသည့်အတွက် ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်တစ်ခုဖြစ်ခဲ့ကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှစပြီး နိုင်ငံတော်အတွက် အဆင့်မြင့် စိုက်ပျိုးရေး၊ မွေးမြူရေး ဘွဲ့ရပညာရှင်များ၊ အလယ်အလတ်အဆင့် စိုက်ပျိုးရေး၊ မွေးမြူရေး ဒီပလိုမာလက်မှတ်ရ ပညာရှင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေး ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်အဆင့်ရှိ အသိအမှတ်ပြု လက်မှတ်ရပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၉ ကျောင်း၊ ရှိရင်း စိုက်ပျိုးရေး သိပ္ပံ ၁၅ ကျောင်းမှ မွေးမြူရေးဘာသာရပ်ပါ သင်ကြားပေးနိုင်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး သိပ္ပံအဖြစ် ကျောင်းကိုးကျောင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ငါးလုပ်ငန်းသိပ္ပံ(တွံတေး) ကျောင်းတစ်ကျောင်းနှင့် တိရစ္ဆာန်ဆေးကုသရေးသိပ္ပံတစ်ကျောင်းတို့ကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ထို့ကြောင့် အခြေခံလူ့စွမ်းအားအရင်းအမြစ်များကို ယခင်ကာလထက် စုစုပေါင်း ၈၃၅၂ ဦးကို ပိုမိုသင်ကြား မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယခုဖွင့်လှစ်သည့် မအူပင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်မှလည်း နှစ်စဉ် စိုက်ပျိုးမွေးမြူရေးပညာရှင် ၃၀၀ စီ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထပ်မံပြီးလည်း အထက်မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်အသစ်တစ်ခု ဖွင့်လှစ်ရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ အနာဂတ်မျှော်မှန်းချက်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေး ကောလိပ်ကျောင်းတစ်ကျောင်းစီ ဖွင့်လှစ်နိုင်ရန် ဆွေးနွေးသုံးသပ်လျက်ရှိသည်ကို အသိပေးပြောကြားလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့ကဲ့သို့ ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်လာစေရန် ရည်မှန်းထားကြောင်း၊ ရည်မှန်းထားသည့်အတိုင်းလည်း ဖြစ်မြောက်အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး

စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)၏ ၂၃ ဒသမ ၇ ရာခိုင်နှုန်းအထိ ပါဝင်နေ၊ နိုင်ငံ့လူဦးရေ၏ ၄၆ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့် ဆက်စပ်သည့် လုပ်ငန်းများတွင် အသက်မွေးဝမ်းကျောင်း ပြုနေကြသည့် ကျေးလက်နေ ပြည်သူများဖြစ်၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်မှသာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်၊ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စပါးကျီအဖြစ် သမိုင်းအစဉ်အလာကြီးသည့် ဒေသဖြစ်၊ ယခုလို စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ကို ဖွင့်လှစ်နိုင်ခြင်းသည် ဧရာဝတီတိုင်းဒေသကြီး၏ အဓိကလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အပြင် တိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးတက်ခြင်းမှသည် နိုင်ငံတော်၏ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ရရှိစေနိုင်မည်ဟု ယုံကြည်။

နှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)တွင် စိုက်ပျိုးရေးပညာနှင့် သက်ဆိုင်သည့် မဟာဌာနကြီး ၁၃ ခု၊ မွေးမြူရေးပညာနှင့် သက်ဆိုင်သည့် မဟာဌာနကြီး ၁၂ ခု၊ အခြေခံဝိဇ္ဇာသိပ္ပံပညာရပ်ဌာန သုံးခု ပါဝင်ဖွဲ့စည်းထားပြီး အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများနှင့် ဌာနအသီးသီးမှ ဘာသာရပ်ကျွမ်းကျင်သူ ပညာရှင်ကြီးများကို စုစည်းအားဖြည့်သင်ကြားပေးရန် စီစဉ်ထားသည်ဟုသိရှိရကြောင်း၊ အချို့ဘာသာရပ်များကိုလည်း ပညာရှင်များအား ဧည့်ပါမောက္ခကြီးများအဖြစ် ဖိတ်ကြား သင်ကြားပေးခြင်း၊ ဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများ ပြုလုပ်ပေးခြင်းတို့ဖြင့် အဘက်ဘက်က လစ်ဟာမှုမရှိအောင် ကြိုးပမ်းသွားရန် အကြံပြုလိုကြောင်း၊ ဘွဲ့လွန်သင်တန်းများအဖြစ် ဘွဲ့လွန်ဒီပလိုမာ၊ မဟာဘွဲ့၊ ပါရဂူဘွဲ့များအထိ ဆက်လက်ဖွင့်လှစ်ပေးမည်ဖြစ်သည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များကိုမွေးထုတ်ပေးနိုင်မည်ဖြစ်ပြီးတက္ကသိုလ်၏ “စိုက်မွေးပညာ၊ ပြည်ရွာဖွံ့ဖြိုး” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကိုးရသည့် တက္ကသိုလ်တစ်ခု ဖြစ်လာမည်ကို ပြောကြားလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်ကို သာမန်အားဖြင့် အသုံးချသိပ္ပံပညာရပ် သက်သက်အဖြစ်သာ ရှုမြင်လေ့ရှိကြောင်း၊ အမှန်တကယ်မှာ စိုက်ပျိုးရေးပညာရပ်များနှင့် သက်ဆိုင်သည့်မြေဆီလွှာ၊ ဇီဝဗေဒ၊ ရုက္ခဗေဒဘာသာရပ်များ အပါအဝင် ဘာသာရပ် ၁၃ ခု၊ မွေးမြူရေးပညာရပ်နှင့် သက်ဆိုင်သည့် မွေးမြူရေးပညာ၊ ဆေးပညာ၊ ခွဲစိတ်ကုနှင့် မျိုးပွားပညာ အပါအဝင် ဘာသာရပ် ၁၂ ခု စသည့် ဘာသာရပ်များနှင့် သီအိုရီနှင့် နည်းပညာသဘောတရားများသည် ကျယ်ပြန့်ကြောင်း၊ အဆိုပါ အချက်များကို နားလည်တတ်မြောက်ပြီး ရေ၊ မြေ၊ ရာသီဥတု စသည့် သဘာဝတရားများနှင့်ကိုက်ညီအောင် ဆောင်ရွက်နိုင်ရန် ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ တွေးခေါ်မြော်မြင်မှုနှင့် ပြဿနာဖြေရှင်းမှုစွမ်းရည်၊ တောင်သူနှင့် မွေးမြူရေးသမားများ၏ ခံယူမှုနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များ စီမံခန့်ခွဲမှုပညာ (Art of Mana-gement)ကိုပါ သင်ကြားပေးသည့် ပညာရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် သိပ္ပံပညာရပ်များသာမက စဉ်းစားတွေးခေါ်မှု၊ စီမံခန့်ခွဲမှုစွမ်းရည်နှင့် ပြည့်စုံသည့် ဘွဲ့ရကျောင်းသား၊ ကျောင်းသူများအဖြစ် မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး သင်ယူသည့် ကျောင်းသား၊ ကျောင်းသူများကလည်း ကြိုးစားသင်ယူကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)တွင် မွေးမြူရေးဘွဲ့ကိုပါ အပ်နှင်းနိုင်ရန် စီစဉ်ထားခြင်းဖြစ်သဖြင့် ဘွဲ့ရများနှင့် ကျေးလက်နေ ပြည်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်း တစ်ခုတည်းသာမက စိုက်ပျိုးရာသီပြင်ပတွင် မွေးမြူရေးလုပ်ငန်းများက ဝင်ငွေကိုပါ ရရှိခြင်းအားဖြင့် မိသားစုဝင်ငွေတိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အဓိက ဆန်စပါး စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးပေးသည့် ဒေသကြီးဖြစ်သကဲ့သို့ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများလည်း အများအပြားရှိကြောင်း၊ သို့သော်လည်း ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် ရေကြီးကွင်း၊ ရေနက်ကွင်းများ ဧရိယာကျယ်ပြန့်စွာရှိနေပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် အပြည့်အဝအသုံးချနိုင်ခြင်းမရှိသေးသည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေး တွဲဖက်ဆောင်ရွက်သည့် စနစ်များကို တိုးချဲ့ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)အနေဖြင့် အဆိုပါစနစ်များကို သုတေသနပြုပြီး အောင်မြင်အောင် စမ်းသပ်ဆောင်ရွက်ပေးရန်ကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် တိုးပွားလာသည့် လူဦးရေအတွက် စားရေရိက္ခာလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေး၊ သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့စေရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာ၊ သားငါး တန်ဖိုးမြင့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စသည့် ရည်မှန်းချက်များကို ပြည့်မီစေမည်ဖြစ်ကြောင်း၊ ယခုတက္ကသိုလ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးပညာများကို ဆည်းပူးသင်ယူကြသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းပြီး နိုင်ငံတော်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအောင်မြင်တိုးတက်ဖို့ “စိုက်မွေးပညာ၊ ပြည်ရွာဖွံ့ဖြိုး”ဆိုသည့် တက္ကသိုလ်၏ ဆောင်ပုဒ်နှင့်အညီ တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဆတက်ထမ်းပိုး တိုးတက်ထမ်းဆောင်

သွားကြရန်နှင့် တက္ကသိုလ်အနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင်များစွာကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်မှာ ယခင်က တစ်ခုတည်းသာရှိခဲ့ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်လှစ်နိုင်ရေး မိမိအနေဖြင့် ၂၀၂၁ ခုနှစ်မှစတင်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖွင့်လှစ်ရန် နှောင့်နှေးခဲ့ရကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များသို့ တက်ရောက်လျက်ရှိသည့် ကျောင်းသား၊ကျောင်းသူများအားပညာသင်ထောက်ပံ့ကြေးများ ပေးအပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေး အဓိကထား ဆောင်ရွက်ခြင်းဖြစ်သဖြင့် မိရိုးဖလာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းထက် နည်းစနစ်ကျနသည့် ခေတ်မီ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးပညာရှင်များကို မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်နေခြင်းဖြစ်ပြီး Agro Base Industries ကို ဆောင်ရွက်နိုင်ရေး ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ ပညာရည်မြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မိမိတို့နိုင်ငံ၏ ပကတိလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ပညာတတ် လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝလာစေရေး ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အခြေခံပညာကျောင်းများ၌လည်း တန်းစဉ်ကူးပြောင်းမှုများ မြင့်မားလာစေရေးကိုလည်း ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့" ဟူသည့် နိုင်ငံတော်မှ ချမှတ်ထားသည့်အတိုင်း ပညာရေးဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

တက္ကသိုလ်များ တည်ဆောက်ရာတွင် ရေရှည်အတွက် ကြိုတင်မြော်တွေး၍ Master Plan ချမှတ်ကာ စနစ်တကျရေးဆွဲတည်ဆောက်ရန်လိုကြောင်း၊ တက္ကသိုလ်ဝင်းများအတွင်း အရိပ်ရလေကာပင်များနှင့် တက္ကသိုလ်ကို ကိုယ်စားပြုသော အပင်များကို စိုက်ပျိုးသွားရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်မှ နိုင်ငံတော်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးပြီး အရည်အချင်းရှိသည့် စိုက်ပျိုးမွေးမြူရေးပညာရှင်များဖြစ်အောင် ဆောင်ရွက်ပေးသွားရန်လိုကြောင်း လမ်းညွှန်မှာကြားသည်။

■ ■ ■

# မအူပင်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

(၂၃ - ၁၁ - ၂၀၂၅)






ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား နိုဝင်ဘာလ ၂၃ ရက်နေ့ မွန်းလွဲပိုင်းတွင် တိုးရွှေဝါခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မအူပင်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ခရိုင်၊ မြို့နယ်တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မအူပင်ဒေသသည် ဧရာဝတီတိုင်းဒေသကြီး၏ အရေးပါသည့်နေရာတွင် တည်ရှိကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)အား ၂၀၂၁ ခုနှစ်ခန့်ကတည်းက ဖွင့်လှစ်ရန် ရည်မှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကစီးပွားရေးအဖြစ် ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးပညာရှင် လူသားအရင်းအမြစ် များစွာလိုအပ်ကြောင်း၊ ထို့ကြောင့် မအူပင်မြို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာနည်းလမ်းများဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဖော်ဆောင်ခဲ့ကြသော်လည်း ထင်သလောက်အောင်မြင်မှု မရရှိခဲ့ကြောင်း၊ အများစုမှာ ကျေးလက်တွင် နေထိုင်ကြသူများဖြစ်ပြီး ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်ရန် စိန်ခေါ်မှုများ ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရည်မြှင့်တင်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး တက္ကသိုလ်များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း။

ပညာတတ် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အချိုးညီညီ တိုးတက်စေရေး တက္ကသိုလ်များကို ဖွင့်လှစ်ထားသော်လည်း အချို့ပြည်နယ်များတွင် ကျောင်းသား၊ ကျောင်းသူ တက်ရောက်မှုနည်းပါးနေကြောင်း၊ ထို့ကြောင့် ပိုလီတက်ကနစ် နည်းပညာတက္ကသိုလ်များကို ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေခြင်းဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များကိုလည်း ထပ်မံဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ပညာရည်မြင့်မားရေးဆောင်ရွက်လျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်များအလိုက် တက္ကသိုလ်များ၊ ကောလိပ်များကို တက်ရောက်ပြီး အဆင့်မြင့် ပညာရပ်များကို သင်ကြားနိုင်ကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနှုန်း နည်းပါးလာခြင်းကြောင့် တက္ကသိုလ်သို့ တက်ရောက်သင်ကြားသူများ နည်းပါးလာခြင်းဖြစ်ကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားအောင် ဆောင်ရွက်ခြင်းဖြင့် ပညာတတ် လူသားအရင်းအမြစ်များ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ပညာတတ် လူသားအရင်းအမြစ်များ ပေါ်များစေရေး မအူပင်ခရိုင်အနေဖြင့်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးသည် မိမိတို့နိုင်ငံ၏ စပါးကျီ တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် သီးနှံများထွက်ရှိမှုသည် ထိုက်သင့်သည့် အထွက်နှုန်းဖြစ်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် မည်သို့ဆောင်ရွက်၍ရမည်ကို စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ ပေါ်ဆန်းမွှေးစပါး စိုက်ပျိုးမှုနှင့်ပတ်သက်၍ ပြည်ပသို့ တင်ပို့နိုင်ရေး ပိုမိုတိုးတက် စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း၊ အထွက်နှုန်း ကောင်းမွန်ရေးနှင့်ပတ်သက်၍လည်း စနစ်တကျ စမ်းသပ်ထားရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပေါ်ဆန်းမွှေးစိုက်ပျိုး၍ ရသည့်ဒေသများတွင် ပေါ်ဆန်းမွှေးစပါးများကို စနစ်တကျဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပေါ်ဆန်းမွှေးစပါးကိုသာမက အခြားသီးနှံများကိုလည်း အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်းလေးသွယ်ဖြင့် စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိရမည်၊ မြေအခြေအနေ ကောင်းမွန်ရမည်၊ ရေလုံလောက်စွာရရှိရမည်၊ နည်းစနစ်တကျဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ အထက်ပါနိယာမများကို လိုက်နာဆောင်ရွက်သွားမည်ဆိုပါက မိမိတို့စိုက်ပျိုးသည့် သီးနှံများ များစွာတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ တောင်သူတစ်ဦးချင်း စိုက်ပျိုးရေး အသိပညာပေးခြင်းကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်း။

မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ကော်ဖီသည် နိုင်ငံတကာဈေးကွက်ဝင်သည့် ကော်ဖီဖြစ်ကြောင်း၊ အများအားဖြင့် ကုန်းမြင့်ကော်ဖီကို စိုက်ပျိုးကြကြောင်း၊ မအူပင်မြို့နယ်အတွင်း ဥယျာဉ်ခြံစိုက်ပျိုးသည့် ကေနှစ်သောင်းခန့်ရှိသည်ကို တွေ့ရှိရသဖြင့် အဆိုပါ ဥယျာဉ်ခြံများအတွင်း မြေနိမ့်ကော်ဖီ (ရိုဘက်စတာမျိုး) များကို စိုက်ပျိုးဆောင်ရွက်မည်ဆိုပါက များစွာ အကျိုးဖြစ်ထွန်းစေမည်

> **စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက် ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်းလေးသွယ်ဖြင့် စနစ်တကျ ဆောင်ရွက်သွားရန်လို၊ မျိုးကောင်းမျိုးသန့်များ ရရှိရမည်၊ မြေအခြေအနေ ကောင်းမွန်ရမည်၊ ရေလုံလောက်စွာရရှိရမည်၊ နည်းစနစ်တကျ ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရမည်ဖြစ်၊ မအူပင်မြို့နယ်အတွင်း ဥယျာဉ်ခြံစိုက်ပျိုးသည့် ကေနှစ်သောင်းခန့်ရှိသည်ကို တွေ့ရှိရသဖြင့် အဆိုပါ ဥယျာဉ်ခြံများအတွင်း မြေနိမ့်ကော်ဖီ(ရိုဘက်စတာမျိုး)များကို စိုက်ပျိုးဆောင်ရွက်မည်ဆိုပါက များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ပြည်ပပို့ကုန်များ ပိုမိုတိုးတက်ရရှိမည်ဖြစ်။**

ဖြစ်ပြီး ပြည်ပပို့ကုန်များ ပိုမိုတိုးတက်ရရှိမည်ဖြစ်ကြောင်း။

အုန်းချိုမွှေး စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ အကျိုးများစွာ ဖြစ်ထွန်းစေကြောင်း၊ အုန်းနှင့်ပတ်သက်သည့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်သဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း၊ အုန်းထွက်ပစ္စည်းများကို ပြည်ပသို့ တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံအတွက် နိုင်ငံခြားငွေများ ရရှိမည်ဖြစ်ကြောင်း၊ ဒေသအလိုက် အရိပ်ရလေကာပင်များ စိုက်ပျိုးကြရန်လိုကြောင်း၊ သဘာဝဘေးဒဏ် ကျရောက်ချိန်တွင် အုန်းပင်များနှင့် အရိပ်ရလေကာပင်များသည် ထိုက်သင့်သည့် အကာအကွယ်ပေးနိုင်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ အလားတူ ကြက်၊ ဝက်၊ နွား၊ ဘဲ မွေးမြူခြင်းများနှင့်ပတ်သက်၍လည်း ပိုမိုတိုးတက် မွေးမြူဆောင်ရွက်ကြစေလိုကြောင်း။

မြို့နှင့်ပတ်သက်၍ မြို့တွင်း၌ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရန်အတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေရန် လိုသကဲ့သို့ မြို့နေပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ မြို့နယ်အတွက် လိုအပ်သည့် ဘောလုံးအားကစားကွင်းနှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မအူပင်မြို့ရှိ တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လာမည့် ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ပြီး ထိုအချိန်က တာဝန်ရှိသူများအနေဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်မှုမရှိခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ဆန္ဒမဲပေးခွင့်ရရှိရေး ဆောင်ရွက်ပေးထားပြီး ဆန္ဒမဲပေးခြင်း၊ မပေးခြင်းသည် မဲဆန္ဒရှင်များ၏ ဆန္ဒပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ခံကိုယ်စားလှယ်များကိုလည်း ဥပဒေနှင့်အညီဖြစ်စေရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဓိကအားဖြင့် တိုင်းပြည်နှင့် ဒေသအကျိုးကို စေတနာထား၍ ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်သူ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေး အမြင်ရှိသူများကို စဉ်းစားရွေးချယ်၍ ဆန္ဒမဲပေးကြစေလိုကြောင်းပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko အား ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို၊ တွေ့ဆုံဆွေးနွေး

( ၂၈ - ၁၁ - ၂၀၂၅ )





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Aleksandr Lukashenko အား နိုဝင်ဘာလ ၂၈ ရက်နေ့ နံနက်ပိုင်းတွင် သမ္မတအိမ်တော် ဆင်ဖြူတော်ဆောင် ဧည့်ခန်းမ၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ဦးစွာ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ လိုက်ပါလာသည့် အထူးယာဉ်တန်းသည် နိုင်ငံတော်သမ္မတအိမ်တော်သို့ ဂုဏ်ပြုမြင်းစီးတပ်ဖွဲ့၏ ဦးဆောင်ကြိုဆိုမှုဖြင့် ရောက်ရှိလာရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့သည် ဂုဏ်ပြုခံစင်မြင့်၌ နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။ ထိုသို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူနေချိန်တွင် ဂုဏ်ပြုအမြောက်တပ်ဖွဲ့ကလည်း အမြောက် ၂၁ ချက်ကို စစ်ရေးပြအခမ်းအနားဖြင့် ဂုဏ်ပြု ပစ်ဖောက်သည်။

**ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေး**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကာ ဂုဏ်ပြုကြိုဆိုပွဲသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံအဖွဲ့ဝင်များနှင့် အပြန်အလှန် မိတ်ဆက်ပေးကြသည်။

ဆက်လက်၍ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်း

တင် လက်မှတ်ရေးထိုးပြီး နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ သီးခြားတွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက အဆွေတော် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ အားလုံးကို မြန်မာနိုင်ငံမှ လှိုက်လှဲနွေးထွေးစွာကြိုဆိုပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုကို ပြသသည့် ခရီးစဉ်တစ်ခုဖြစ်ပြီး နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှု ၂၆ နှစ်တာကာလအတွင်း မြန်မာနိုင်ငံသို့ ဘယ်လာရုစ်နိုင်ငံမှ နိုင်ငံတော်အကြီးအကဲအနေဖြင့် လာရောက်သည့် သမိုင်းဝင် ခရီးစဉ်တစ်ခုဖြစ်ပါကြောင်း၊ ယခုကဲ့သို့ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်းအားဖြင့် သံတမန်ဆက်ဆံမှုနှင့် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည် ထောက်ခံပေးလျက်ရှိသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံ အနေဖြင့် BRICS အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သည့်အတွက်လည်း ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး BRICS အဖွဲ့ဝင်နိုင်ငံဖြစ်စေရေးနှင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (EAEU) အဖွဲ့ဝင်နိုင်ငံ ဖြစ်စေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် ဘယ်လာရုစ်နိုင်ငံအနေဖြင့် ဆက်လက်ထောက်ခံပေးစေလိုကြောင်း၊ အဆွေတော် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ၏ ယခုခရီးစဉ်တွင် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်ရေးအတွက် ဆွေးနွေးမှုများ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံမှ ယခုကဲ့သို့ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုမှုများအတွက် များစွာကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ကြိုဆိုမှုများနှင့် ပြင်ဆင်ထားရှိမှုများကို မြင်တွေ့ရသည့် အချိန်၌လည်း အလွန်ပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအနေဖြင့် အလှမ်းကွာဝေးသော်လည်း ချစ်ကြည်ရင်းနှီးမှုသည် တိုးတက်ကောင်းမွန်လျက်ရှိပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံသည် စက်မှုနိုင်ငံဖြစ်ပြီး စက်မှု၊ ဆေးဝါးနည်းပညာ၊ ပညာရေး၊ စိုက်ပျိုးရေးတို့တွင် အဆင့်မီနည်းပညာရပ်များကို ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံအတွက် လိုအပ်သည့် ကဏ္ဍများတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စစ်ဘက်နည်းပညာဆိုင်ရာနှင့် ကုန်သွယ်မှုဆိုင်ရာများတွင်လည်း တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား သက်ဆိုင်ရာတာဝန်ရှိသူများဖြင့် စီးပွားရေးဖိုရမ်များကို ကျင်းပပြုလုပ်နိုင်ခဲ့ပြီး စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် လိုအပ်ချက်များကို ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) ကိုလည်း ရေးဆွဲနိုင်ခဲ့ပြီးဖြစ်၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမျက်နှာစာများ၊ အဖွဲ့အစည်းများ အကြားတွင် အမြဲတမ်းထောက်ခံရပ်တည်ပေးသွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘယ်လာရုစ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်မှန်သမျှကို ကြိုဆိုလျက်ရှိပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

■ ■ ■

# မြန်မာ–ဘယ်လာရုစ် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲတွင် ပြောကြားသည့် ကြိုဆိုနှုတ်ခွန်းဆက်စကား

(၂၈ – ၁၁ – ၂၀၂၅)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ် သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာလ ၂၈ ရက်နေ့ နံနက်ပိုင်းတွင် သမ္မတအိမ်တော် သံတမန်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကော်မရှင် ဒုတိယ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင် အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးတို့ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတ နိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko နှင့်အတူ ဘယ်လာရုစ် နိုင်ငံအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်ကြသည်။

## နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးသွားမည်

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် အဆွေတော်နှင့် ကိုယ်စားလှယ်အဖွဲ့များအား မြန်မာနိုင်ငံမှ လှိုက်လှဲစွာဖြင့်ကြိုဆိုပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးမှာ ၂၆ နှစ်တာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ပြီး အဆွေတော်၏ ချစ်ကြည်ရေးခရီးစဉ်သည် ဘယ်လာရုစ်သမ္မတနိုင်ငံမှ နိုင်ငံတော်အကြီးအကဲ လာရောက်သည့် ပထမဆုံးသမိုင်းဝင် ခရီးစဉ်ဖြစ်သည့် အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိအနေဖြင့် ယခုနှစ် မတ်လအတွင်း ဘယ်လာရုစ်နိုင်ငံသို့ နိုင်ငံတော် အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်နှင့် ဇွန်လအတွင်း စတုတ္ထအကြိမ် ဥရောပ– အာရှ စီးပွားရေးဖိုရမ်သို့ တက် ရောက်ရန် လာရောက်သည့် ခရီးစဉ်များအတွင်း အဆွေတော်နှင့် ဘယ်လာရုစ်နိုင်ငံက နွေးထွေးလှိုက်လှဲစွာ

ကြိုဆိုခဲ့သည့် ဧည့်ဝတ်ကျေပွန်မှုများကိုလည်း ပြန်လည်အမှတ်ရမိပါကြောင်းနှင့် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ မတ်လအတွင်း လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း။

ယခုအခွေတော်၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)၊ နှစ်နိုင်ငံအကြား ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ်အပါအဝင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးသွားမည်ဖြစ်သည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် တည်နေရာအနေအထားအရ အလှမ်းဝေးကွာသော်လည်း သံတမန်ဆက်ဆံရေးနှင့် စစ်ဘက်သံတမန်ဆက်ဆံရေး နှစ်မျိုးလုံးရှိသော နိုင်ငံများဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် နားလည်ယုံကြည်မှု အပြည့်အဝရှိသည့် မိတ်ဆွေကောင်း နိုင်ငံများဖြစ်ကြောင်း။

မိမိတို့နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး တည်ထောင်မှုသည် ယခုအခါ ၂၆ နှစ်ကျော်ခဲ့ပြီဖြစ်ပြီး အဆိုပါ အခါသမယအတွင်း နှစ်နိုင်ငံဆက်ဆံရေးသည် သိသာထင်ရှားစွာ တိုးတက်လာသည်ကို တွေ့မြင်ရမည် ဖြစ်ပါကြောင်း၊ အနာဂတ်ကာလတွင်လည်း ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားရန် မိမိအနေဖြင့် သန္နိဋ္ဌာန်ချထားပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် နှစ်နိုင်ငံချင်းသော်လည်းကောင်း၊ နိုင်ငံတကာမျက်နှာစာတွင်လည်းကောင်း အကူအညီများ တစိုက်မတ်မတ်ပေးအပ်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**နှစ်နိုင်ငံအကြားသမိုင်းအသစ်များ စိုက်ထူ**

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နွေးထွေးစွာဖြင့် ကြိုဆိုသည့်အတွက် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်သည့် ခရီးစဉ်ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိသည်ကို ပြောကြားလိုကြောင်း၊ အခွေတော်အနေဖြင့် မတ်လအတွင်း ဘယ်လာရုစ်နိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီးစဉ် လာရောက်ခဲ့မှုသည်လည်း မြန်မာနိုင်ငံမှ နိုင်ငံတော်အကြီးအကဲတစ်ဦး၏ ပထမဆုံး ချစ်ကြည်ရေးခရီးစဉ်ဖြစ်ပါကြောင်း၊ ယခုနှစ်အတွင်း မိမိတို့နှစ်ဦးအနေဖြင့် ခြောက်ကြိမ် တွေ့ဆုံခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၂၅ ခုနှစ်သည် နှစ်နိုင်ငံအတွက် အမှတ်တရများ များစွာရှိပြီး နှစ်နိုင်ငံအကြား သမိုင်းအသစ်များ စိုက်ထူနိုင်သည့် နှစ်တစ်နှစ်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို အောင်အောင်မြင်မြင် လုပ်ဆောင်လျက်ရှိကြောင်း။

မင့်စ်မြို့တွင် ကျင်းပခဲ့သည့် EAEU အစည်းအဝေးသို့ မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်၍ တက်ရောက်ခဲ့ကြောင်း၊ ယခုနှစ်အတွင်း မိမိတို့အနေဖြင့် နိုင်ငံတကာ အခမ်းအနားများ၊ နိုင်ငံတကာ အစည်းအဝေးများတွင် တွေ့ဆုံဆွေးနွေးမှုများ များစွာပြုလုပ်နိုင်ခဲ့ကြောင်း၊ ထိုသို့ တွေ့ဆုံချိန်တွင် အပြန်အလှန်ကူညီရေးဆိုင်ရာများကို ဆွေးနွေးနိုင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး အမြဲတံခါးဖွင့်ထားပါကြောင်း၊ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ချိန်တွင် မည်သည့် ပြင်ပနှောင့်ယှက် စွက်ဖက်မှုများရှိနေပါစေ တစိုက်မတ်မတ်ဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ကို ပြောကြားလိုပါကြောင်း။

မိမိတို့နိုင်ငံမှ တာဝန်ရှိသည့် ဝန်ကြီးများ၊ မြန်မာနိုင်ငံမှ တာဝန်ရှိသည့် ဝန်ကြီးများပူးပေါင်း၍ စီးပွားရေးဖိုရမ်များ ကျင်းပခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ထိုမှတစ်ဆင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်စေရေးနှင့်ရလဒ်ကောင်းများ ရရှိစေရေး ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ယနေ့တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ(၂၀၂၆-၂၀၂၈)ကို လက်မှတ်ရေးထိုးသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ လမ်းပြမြေပုံအတိုင်း ဆောင်ရွက်သွားမည်ဆိုပါက နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံစက်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ယနေ့ တွေ့ဆုံဆွေးနွေးမှုမှ ရရှိလာသည့်

အကြောင်းအရာများအားလုံး အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်ပြောကြားရာတွင် ပြီးခဲ့သည့် ၂၅ ရက်နေ့က အမေရိကန်နိုင်ငံ အမိမြေလုံခြုံရေးဝန်ကြီးဌာနအနေဖြင့် ၎င်းတို့ နိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၄၀၀၀ ခန့်အား TPS – Temporary Protected Status ပေးထားမှုမှ ရုပ်သိမ်း၍ ရက်ပေါင်း ၆၀ အတွင်း ပြန်လည်စေလွှတ်သွားမည်ဟု ထုတ်ပြန်ထားကြောင်း၊ နိုင်ငံရေးသဘောထားကွဲလွဲမှုများနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် အမေရိကန်နိုင်ငံ အပါအဝင် အခြားနိုင်ငံများသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများရှိကြောင်း၊ ၎င်းတို့ အမိမြန်မာနိုင်ငံသို့ ပြန်လာမည်ဆိုပါက မိမိတို့အနေဖြင့် ကြိုဆိုသည်ကိုပြောကြားလိုပါကြောင်း၊ ၎င်းတို့အနေဖြင့် ဆန္ဒရှိမည်၊ ရွေးကောက်ပွဲကာလနှင့် အကျုံးဝင်မည်၊ မဲစာရင်းတွင် ပါဝင်မည်ဆိုပါက ရွေးကောက်ပွဲတွင် ဆန္ဒမဲလာရောက်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ကို မိမိအနေဖြင့် အဆွေတော်အား အသိပေးပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီသည့် နိုင်ငံရေးစနစ်ကို ကျင့်သုံးရာတွင် ဘယ်လာရုစ်နိုင်ငံအနေဖြင့် ထောက်ခံအားပေးကူညီမှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ရွေးကောက်ပွဲ ကျင်းပပြုလုပ်ပြီးချိန်၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Aleksandr Lukashenko တို့၏ မီဒီယာများအား အပြန်အလှန် ပြောကြားသည့် နှစ်နိုင်ငံပူးတွဲကြေညာချက်

( ၂၈ - ၁၁ - ၂၀၂၅ )




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ် သမ္မတနိုင်ငံ သမ္မတ H.E. Mr. Aleksandr Lukashenko တို့သည် နိုဝင်ဘာလ ၂၈ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပသည့် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအပြီးတွင် နှစ်နိုင်ငံပူးတွဲကြေညာချက်ကို ရှင်းလင်းပြောကြားခဲ့ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဆွေတော် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုနဲ့ နှစ်ဖက်က ကိုယ်စားလှယ်များ၊ မီဒီယာများ အားလုံးပဲ မင်္ဂလာပါ။ မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံ တို့ဟာ အရေးပါတဲ့ မိတ်ဆွေရင်း၊ မိတ်ဆွေစစ် နိုင်ငံတွေ ဖြစ်ပြီး ဘယ်လာရုစ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ ယုံကြည်စိတ်ချရဆုံးသော နိုင်ငံဖြစ်သလို မြန်မာနိုင်ငံဟာလည်း

ဘယ်လာရုစ်ရဲ့ ယုံကြည်စိတ်ချရဆုံး နိုင်ငံဖြစ်စေရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံအကြားမှာ ၁၉၉၉ ခုနှစ်မှာ စတင်ထူထောင်ခဲ့တဲ့ သံတမန်ဆက်ဆံရေးဟာ ယခုနှစ်မှာ (၂၆)နှစ် ပြည့်ခဲ့ပြီးဖြစ်ပါတယ်။ ဒီ (၂၆) နှစ်တာကာလအတွင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်ရေးဟာ ပိုမိုခိုင်မာ နက်ရှိုင်းလာခဲ့ပါတယ်။ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးရဲ့ မြန်မာနိုင်ငံခရီးစဉ်ဟာ မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံအကြားမှာ သံတမန်ဆက်ဆံရေး ထူထောင်ပြီးတဲ့နောက် ဘယ်လာရုစ်နိုင်ငံမှ နိုင်ငံတော်အကြီးအကဲ မြန်မာနိုင်ငံကို ပထမဦးဆုံး အကြိမ်လာရောက်တဲ့ ခရီးစဉ်ဖြစ်တဲ့အတွက် နှစ်နိုင်ငံဆက်ဆံရေးသမိုင်းမှာ မှတ်တမ်းတင်နိုင်တဲ့ ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ အခုအချိန်မှာ နှစ်နိုင်ငံအကြားမှာ ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အနီးကပ်ဆုံးနဲ့ အမြင့်ဆုံးအဆင့်ကို ရောက်ရှိနေပြီဆိုတာ ပြောနိုင်ပါတယ်။ ဒီလို အမြင့်ဆုံးရောက်ရှိနေတဲ့နှစ်နိုင်ငံချစ်ကြည်ရေး မှတ်ကျောက်တင်တဲ့အနေနဲ့ သမ္မတကြီးရဲ့ ခရီးစဉ်အတွင်းမှာပဲ နှစ်နိုင်ငံချစ်ကြည်ရေးသစ်ပင်ကို နေပြည်တော် ပရဆေးဥယျာဉ်မှာ ကံ့ကော်ပင် အမှတ်တရ စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ ဒီနေ့ကျွန်တော်တို့နှစ်ယောက် တွေ့ဆုံပြီးတဲ့နောက်မှာ အရင်တွေ့ဆုံဆွေးနွေးချက်များနဲ့ သဘောတူညီချက်များ အရှိန်အဟုန်နဲ့ အကောင်အထည်ဖော်ဖို့၊ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဖို့ ကဏ္ဍများစွာ၊ အထူးသဖြင့် ကာကွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ ကျန်းမာရေး၊ အားကစားနဲ့ ခရီးသွားကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်သွားမယ့်အခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံအကြားမှာ သံတမန်ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေဖို့နဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ ယဉ်ကျေးမှုစတဲ့ ကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်မယ့် အားတွေကောင်းလာစေဖို့အတွက် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့မှာရှိတဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးကိုလည်း သံရုံးအဆင့်သို့ တိုးမြှင့်သွားဖို့နဲ့ ဘယ်လာရုစ်နိုင်ငံရဲ့ ကိုယ်စားလှယ်ရုံးကိုလည်း မြန်မာနိုင်ငံမှာ ဖွင့်လှစ်သွားဖို့လည်း သဘောတူညီခဲ့ပြီဖြစ်ပါတယ်။ မနေ့က ရန်ကုန်မြို့မှာ နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်တွေအကြားမှာ တတိယအကြိမ် စီးပွားရေးဆိုင်ရာဖိုရမ်ကို အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ပြီး ရလဒ်ကောင်းတွေရရှိခဲ့တာကိုလည်း များစွာ ဝမ်းမြောက်ကျေနပ်မိပါတယ်။

မြန်မာနိုင်ငံဟာ ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံကြီးနှစ်နိုင်ငံအကြားမှာတည်ရှိတဲ့ နိုင်ငံဖြစ်တဲ့အတွက် ပတ်ဝန်းကျင်မှာ ကြီးမားတဲ့ဈေးကွက်ကြီးရှိတဲ့အပြင် သယံဇာတပေါကြွယ်ဝတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ မြေနေရာများစွာရှိပြီး မိုင်ပေါင်း ၁၃၀၀ ကျော်ရှည်လျားတဲ့ ပင်လယ်ကမ်းရိုးတန်းလည်း ရှိပါတယ်။ ရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းကောင်းတွေရှိတဲ့ မြန်မာနိုင်ငံမှာ ဘယ်လာရုစ်နိုင်ငံက နယ်ပယ်ကဏ္ဍစုံက စီးပွားရေးလုပ်ငန်းရှင်တွေကို မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့လည်း ကျွန်တော်ဖိတ်ခေါ်ပါတယ်။

ဘယ်လာရုစ်နိုင်ငံအနေနဲ့ ဒေသတွင်းနဲ့ နိုင်ငံတကာမျက်နှာစာတွေပေါ်မှာ မြန်မာနိုင်ငံအပေါ် အစဉ်အမြဲရပ်တည်ထောက်ခံပေးခဲ့တဲ့အတွက် အထူးကျေးဇူးတင်ရှိကြောင်း အလေးအနက်ပြောကြားလိုပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံက နိုင်ငံ့အခြေအနေနဲ့ ကိုက်ညီတဲ့ နိုင်ငံရေးလမ်းကြောင်းနဲ့ အညီ လျှောက်လှမ်းနေတဲ့အပေါ် ဘယ်လာရုစ်နိုင်ငံက အစဉ်တစိုက်ရပ်တည်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ လာမယ့်ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ ကျင်းပမယ့် မြန်မာနိုင်ငံရဲ့ အထွေထွေရွေးကောက်ပွဲနဲ့စပ်လျဉ်းပြီး လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်နေတဲ့အပြင် ပြီးခဲ့တဲ့ ၂၅ ရက်နေ့က အမေရိကန်နိုင်ငံ အမိမြေလုံခြုံရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့တဲ့ ယာယီခိုလှုံခွင့် ရုပ်သိမ်းတဲ့ မြန်မာနိုင်ငံသား ၄၀၀၀ ခန့်ကိုလည်း လက်ခံဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ သူတို့ မဲစာရင်းမှာ ပါလို့ရှိရင်လည်း မဲပေးခွင့်ရှိအောင် ဆောင်ရွက်ပေးပါမယ်။ အလားတူစွာပဲ အခြားအကြောင်းအမျိုးမျိုးနဲ့ ပြည်ပကို ရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသားများကိုလည်း ဒီမိုကရေစီရေးမှာ ငြိမ်းချမ်းစွာလက်တွဲဆောင်ရွက်နိုင်ဖို့ မြန်မာနိုင်ငံကို ပြန်လာဖို့ကြိုဆိုကြောင်းလည်းပြောလိုပါတယ်။ ဘယ်လာရုစ်နိုင်ငံမှ စောင့်ကြည့်သူ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်သွားမှာဖြစ်တဲ့အတွက် ဝမ်းမြောက်စွာကြိုဆိုပါကြောင်းလည်း ပြောလိုပါတယ်။ နောင်အနာဂတ်မှာလည်း ကျွန်တော်တို့နှစ်နိုင်ငံအကြားမှာ နိုင်ငံတကာမျက်နှာစာမှာ နီးကပ်စွာဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း

ထပ်လောင်းပြောကြားလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတွေကနေတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးမြှင့်စေဖို့အတွက် အဆွေတော် သမ္မတကြီးနဲ့ ဘယ်လာရုစ်နိုင်ငံပြည်သူများနဲ့အတူ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း ထပ်လောင်းဆန္ဒပြုပါတယ်။ ကျေးဇူးတင်ပါတယ် သမ္မတကြီးဟု ပြောကြားသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတH.E.Mr.Aleksandr Lukashenko က လေးစားရပါသော အဆွေတော်သမ္မတကြီးနဲ့တကွ မြန်မာနိုင်ငံက သူငယ်ချင်းများ၊ မိတ်ဆွေအပေါင်းအသင်းများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့သတင်းစာရှင်းလင်းပွဲမှာ ကျွန်တော်အပါအဝင် ကျွန်တော့်ရဲ့ ဒီခရီးစဉ်အဖွဲ့ဝင် အားလုံးကို နွေးနွေးထွေးထွေးနဲ့ ကြိုဆိုပေးတဲ့အတွက် ကျွန်တော်ရဲ့ Delegation ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ဘယ်လာရုစ်နိုင်ငံအနေနဲ့ အဆွေတော် သမ္မတကြီးနဲ့တကွ မြန်မာနိုင်ငံကရှိတဲ့ ရင်းနှီးရတဲ့ မိတ်ဆွေများအားလုံးကို

> **မြန်မာနိုင်ငံဟာ ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံကြီးနှစ်နိုင်ငံအကြားမှာတည်ရှိတဲ့ နိုင်ငံဖြစ်တဲ့အတွက် ပတ်ဝန်းကျင်မှာ ကြီးမားတဲ့ဈေးကွက်ကြီးရှိတဲ့အပြင် သယံဇာတပေါကြွယ်ဝတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ မြေနေရာများစွာရှိပြီး မိုင်ပေါင်း ၁၃၀၀ ကျော် ရှည်လျားတဲ့ ပင်လယ်ကမ်းရိုးတန်းလည်းရှိ၊ ရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းကောင်းတွေရှိတဲ့ မြန်မာနိုင်ငံမှာ ဘယ်လာရုစ်နိုင်ငံက နယ်ပယ်ကဏ္ဍစုံက စီးပွားရေးလုပ်ငန်းရှင်တွေကို မြန်မာနိုင်ငံမှာ လာရောက် ရင်းနှီးမြှုပ်နှံဖို့ဖိတ်ခေါ်ပါတယ်။**

ဖိတ်ခေါ်ပါကြောင်းနဲ့ ဘယ်လာရုစ်နိုင်ငံအနေနဲ့ တံခါးအမြဲတမ်းဖွင့်ထားကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ အဆွေတော်သမ္မတကြီး ပြောသွားသလိုပဲ ကျွန်တော်တို့တွေ့ဆုံမှုမှာ နှစ်နိုင်ငံအတွက် အရေးကြီးတဲ့ ဒီဆွေးနွေးမှုတွေကို ဆွေးနွေးခဲ့ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ နှစ်နိုင်ငံကြားမှာ ဆေးဝါးဆိုင်ရာကိစ္စရပ်များ၊ စက်မှုလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာကိစ္စရပ်များ၊ စစ်ဘက်ပူးပေါင်းမှုဆိုင်ရာကိစ္စရပ်များ အစရှိတဲ့ အရေးကြီးတဲ့ အခန်းကဏ္ဍတွေကို ကျွန်တော်တို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနဲ့ပတ်သက်လို့ မည်သည့်ပုဂ္ဂိုလ်မဆို ကြားဝင်နှောင့်ယှက်မှုရှိခဲ့သော်လည်း ကျွန်တော်တို့အနေနဲ့ ဒီဟာတွေကို ဂရုမပြုဘဲနဲ့ ရှေ့လျှောက်ပြီးတော့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွေကို ပူးပေါင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါက ဘာလို့ဒီလိုပြောရလည်းဆိုတော့ ဒီပူးပေါင်းဆောင်ရွက်မှုတွေဟာ ဘယ်လာရုစ်သမ္မတနိုင်ငံနဲ့ မြန်မာနိုင်ငံကြားမှာ အထူးသဖြင့် ဘယ်လာရုစ်နိုင်ငံ ပြည်သူပြည်သားတွေနဲ့ မြန်မာနိုင်ငံ ပြည်သူပြည်သားတွေ အကျိုးကို ရှေးရှုပြီးတော့ ဆောင်ရွက်တာဖြစ်တဲ့အတွက် ဒီဆောင်ရွက်မှုတွေအားလုံးကို ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ဒီနေ့တွေ့ဆုံဆွေးနွေးမှုမှာ ဆွေးနွေးခဲ့တဲ့ အချက်အလက်တွေအားလုံးဟာ ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် အဆင့်မြင့်ဆုံး ဆွေးနွေးမှုများလို့ ကျွန်တော်တို့ သတ်မှတ်လို့ရပါတယ်။ ဒီဆွေးနွေးမှုတွေအားလုံးဟာ ဒီနေ့တွေ့ဆုံမှုတစ်ခုတည်းရဲ့ ရလဒ်မျိုးမဟုတ်ဘဲနဲ့ ယခင်ကတည်းက Business Forum တွေမှာ နှစ်နိုင်ငံ တာဝန်ရှိတဲ့ ဝန်ကြီးများ၊ နှစ်နိုင်ငံမှ စက်မှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီးတော့ ကုမ္ပဏီပိုင်းဆိုင်ရာမှ တာဝန်ရှိတဲ့သူများ အချင်းချင်း ဆွေးနွေးထားခဲ့တဲ့ ဆွေးနွေးမှုများကို ထပ်လောင်းဆွေးနွေးခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့တွေ့ဆုံမှုကနေ ဆွေးနွေးမှုတွေနဲ့ ပတ်သက်ပြီး ရရှိလာတဲ့ ရလဒ်များအရဆိုရင်တော့ မြန်မာနိုင်ငံအတွက် လိုအပ်ချက်ရှိနေတဲ့ လိုအပ်ချက်များအားလုံးကို ကျွန်တော်တို့ ဘယ်လာရုစ်ဘက်ကလည်း

ဖြည့်ဆည်းပေးနိုင်သလို ဘယ်လာရုစ်ဘက်က လိုအပ်ချက်ရှိနေတဲ့ အခန်းကဏ္ဍများ၊ ပစ္စည်းများကို မြန်မာနိုင်ငံက နေပြီးတော့ ဖြည့်ဆည်းပေးနိုင်တယ်ဆိုတာကို ကျွန်တော်တို့ ရရှိပါတယ်။ ဒါကြောင့်မို့လို့ နှစ်ဦးနှစ်ဖက် ကုန်သွယ်စီးပွားရေး တိုးမြှင့်ဖို့အတွက် ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ထပ်မံပြီး ပြောကြားလိုတာကတော့ ကျွန်တော်တို့ နှစ်နိုင်ငံကြားမှာ တားမြစ်ထားတဲ့ လျှို့ဝှက်ထားတဲ့ အကြောင်းအရာ အချက်အလက် ဘာမှမရှိပါဘူး။ ပွင့်ပွင့်လင်းလင်းပဲ ကျွန်တော်တို့ ဆွေးနွေးနိုင်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ဘယ်လာရုစ်နိုင်ငံမှ ပစ္စည်းများကို ရောင်းချခြင်းတင်မဟုတ်ဘဲနဲ့ ဘယ်လာရုစ်–မြန်မာ နှစ်နိုင်ငံပူးပေါင်းပြီးတော့ စက်ရုံများတည်ထောင်ခြင်း၊ လုပ်ငန်းကိစ္စများ ကုမ္ပဏီများ ပူးပေါင်းတည်ထောင်ခြင်းကိုလည်း လုပ်ဖို့အတွက် ဆန္ဒရှိပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံက လိုအပ်ချက်ရှိတဲ့ လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ပြီးတော့ မြန်မာနိုင်ငံမှာ ပူးတွဲကုမ္ပဏီတွေ တည်ထောင်ချင်ပါတယ်။ ဒီလိုမျိုး တည်ထောင်ခြင်းအားဖြင့် ကျွန်တော်တို့ နှစ်နိုင်ငံ နှစ်ဦးနှစ်ဖက် အကျိုးအမြတ်များစွာရရှိမှာ ဖြစ်ပြီးတော့ ဆက်လက်ဆောင်ရွက်မယ့် လုပ်ငန်းတွေအားလုံးကိုလည်း အောင်မြင်အောင် လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးခဲ့တဲ့ တွေ့ဆုံမှုတွေမှာ ဆွေးနွေးခဲ့တဲ့အကြောင်းအရာများအရ သတ်မှတ်ထားတဲ့ကာလတွေ၊ ပမာဏတွေ ရှိပါတယ်။ ဒီကာလတွေ၊ ပမာဏတွေ အတွင်းမှာ နှစ်ဦးနှစ်ဖက် ကုန်သွယ်မှု စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံမှာဆိုလို့ရှိရင် မကြာမီအတောအတွင်း အတိအကျပြောမယ်ဆိုရင် နောက်လာမယ့် တစ်လအတွင်းမှာမြန်မာနိုင်ငံမှာ သမိုင်းဝင်ရွေးကောက်ပွဲ ကျင်းပတော့မယ်လို့ သိရှိရပါတယ်။ ဒီရွေးကောက်ပွဲကတော့ မြန်မာနိုင်ငံအတွက် အရေးပါတဲ့ ရွေးကောက်ပွဲဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲပြီးတဲ့အချိန်မှာ အထူးသဖြင့်တော့ ပါလီမန်တည်ထောင်ဖို့အတွက် ဒီရွေးကောက်ပွဲကို လုပ်ဆောင်တယ်လို့ သိရှိရပါတယ်။ ကျွန်တော့်အနေနဲ့ အဆွေတော်သမ္မတကြီးကို မိတ်ဆွေရင်းအနေနဲ့ ထပ်ပြီးတော့ ပြောလိုတာကတော့ အဆွေတော် သမ္မတကြီး ဦးဆောင်ပြီးတော့ ကျင်းပတဲ့ ရွေးကောက်ပွဲဟာဆိုလို့ရှိရင် မြန်မာနိုင်ငံရဲ့ ပြည်သူပြည်သားတွေ အားလုံးအတွက် ရွေးကောက်ပွဲကို ကျင်းပတာဖြစ်လို့လည်း ကျွန်တော် ထောက်ခံပါတယ်။ ဒီရွေးကောက်ပွဲနဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံရဲ့ ပြည်သူပြည်သားတွေအားလုံးအနေနဲ့လည်း အစိုးရက ပြည်သူပြည်သားတွေအားလုံးအတွက် လုပ်ဆောင်ပေးတယ်ဆိုတာကိုလည်း နားလည်ရမှာဖြစ်ပါတယ်။

အဆွေတော်သမ္မတကြီးနဲ့ မြန်မာနိုင်ငံအနေနဲ့ အနာဂတ်မှာ အလားအလာကောင်းတွေ အများကြီးရှိတယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။ လက်ရှိ အခြေအနေမှာတော့မြန်မာနိုင်ငံအနေနဲ့ အနာဂတ်ကိုအကောင်အထည်ဖော်နိုင်ဖို့အတွက် တည်ငြိမ်အေးချမ်းမှုကိုအကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ ဒီလိုမျိုး မြန်မာနိုင်ငံရဲ့ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံအနေနဲ့လည်း တတ်နိုင်သလောက် ကူညီပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒီနေ့ မြန်မာနဲ့ ဘယ်လာရုစ် နှစ်နိုင်ငံအကြား Road Map ကိုလည်း လက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။ ဒီ Road Map မှာလည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းတွေကို အသေးစိတ်ဖော်ပြပြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စီးပွားရေးဆိုင်ရာကိစ္စရပ်တွေ၊ စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်တွေ၊ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်တွေ အများကြီး ဆွေးနွေးပြီးဖြစ်ပါတယ်။ ဒီဆွေးနွေးခဲ့တာတွေအားလုံးရဲ့ အပြီးမှာ အရေးကြီးတဲ့ အချက်တစ်ချက်ရှိပါတယ်။ အဲဒါကတော့ နှစ်နိုင်ငံအကြား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဖြစ်ပါတယ်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်ပြီးတော့ ပါဝင်တဲ့အခန်းကဏ္ဍတွေကတော့ ဆေးဝါး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဖလှယ်ခြင်းဆိုင်ရာ အခန်းကဏ္ဍတွေပါပါတယ်။လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခန်းကဏ္ဍနဲ့ပတ်သက်ပြီးတော့ တိုးမြှင့်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံ အနေနဲ့

ကူညီသွားမှာဖြစ်ကြောင်းလည်း ပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ ထပ်မံပြောကြားလိုတာကတော့ ကျွန်တော့်ရဲ့ နိုင်ငံရေးသက်တမ်းတစ်လျှောက်မှာ အဆွေတော် ဦးဆောင်တဲ့ အစိုးရအဖွဲ့လိုမျိုး မိမိနိုင်ငံနဲ့ မိမိပြည်သူပြည်သားတွေအတွက် နေ့စဉ်နေ့တိုင်း အားသွန်ခွန်စိုက် အလုပ်လုပ်တဲ့ အစိုးရနဲ့ နိုင်ငံခေါင်းဆောင်မျိုး မတွေ့ဖူးပါဘူး။ တော်တော်လေးကို ရှားရှားပါးပါး တွေ့ဖူးတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း နှစ်နိုင်ငံ ပြည်သူပြည်သားတွေအားလုံး အကျိုးအမြတ်ရစေဖို့၊ နှစ်နိုင်ငံ ပြည်သူပြည်သားတွေအားလုံး စိတ်ချမ်းသာစေဖို့အတွက် ပူးပေါင်းဆောင်ရွက်ဖို့အတွက် ဘယ်လာရုစ်နိုင်ငံအနေနဲ့ အဆင်သင့်ရှိကြောင်း ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံကနေပြီးတော့ Specialist တွေ ဘယ်လာရုစ်နိုင်ငံကို လာခဲ့ပါ။ ဖိတ်ခေါ်ပါတယ်။ မြန်မာနိုင်ငံအတွက် ဘာတွေလိုအပ်နေတယ်ဆိုတာကိုလည်း ဆွေးနွေးပါ။ ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံအနေနဲ့ အမြဲတမ်းကူညီသွားဖို့ အဆင်သင့်ရှိပါတယ်။ ကျွန်တော်တို့အခုလိုမျိုးလာရောက်တဲ့ ခရီးစဉ်နဲ့ ပတ်သက်ပြီးတော့ နွေးနွေးထွေးထွေးနဲ့ ကြိုဆိုပေးတဲ့အတွက်ရယ် အထူးတလည် အချိန်ပေးပြီးတော့ တွေ့ဆုံတဲ့အတွက်လည်း ကျေးဇူးအများကြီး တင်ပါတယ်ဟု ပြောကြားသည်။

■ ■ ■

# ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (၃၄) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက်စဉ် ပြောကြားသည့် အမှာစကား

( ၃၀ - ၁၁ - ၂၀၂၅ )



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (၃၄) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို နိုဝင်ဘာလ ၃၀ ရက်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ အမှုဆောင်အဖွဲ့ဝင်များ၊ ညီနောင်အသင်းအဖွဲ့များ၊ နိုင်ငံတကာသံတမန်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အသင်းသူ အသင်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ကုန်သည်စက်မှုအသင်းချုပ်၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးတွင် အသင်းသားများနှင့် စုံလင်စွာ တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် ပုဂ္ဂလိကကဏ္ဍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အသင်းချုပ်အနေဖြင့် အစဉ်တစိုက် ဦးတည်ဆောင်ရွက်ခဲ့သည့်အတွက်လည်း အသိအမှတ်ပြု ဂုဏ်ယူသည်ကို ပြောကြားလိုကြောင်း။

ကုန်သည်စက်မှုအသင်းချုပ်ကို ၁၉၁၉ ခုနှစ်တွင်

တိုင်းရင်းသား မျိုးချစ်ကုန်သည်ကြီးများက "စီးပွားရေး ခိုင်ခံ့မှ အမျိုးသားရေး တည်တံ့ခိုင်မြဲနိုင်မည်" ဆိုသည့် ခံယူချက်ဖြင့် "ဗမာကုန်သည်အသင်း (Burmese Chamber of Commerce)"အဖြစ် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် ကဏ္ဍအသီးသီးကို ကိုယ်စားပြုသည့် ညီနောင်အသင်းများ ပါဝင်စုဖွဲ့မှုဖြင့် "ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်"အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်ကို သိရကြောင်း၊ နှစ်ပေါင်း (၁၀၀) ကျော်သက်တမ်းရှိ အဖွဲ့အစည်းဖြစ်သည့်အပြင် နိုင်ငံတော် အစိုးရအဆက်ဆက်က အဓိကမိတ်ဖက်အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုထားခြင်းခံရသည့် ပုဂ္ဂလိကကဏ္ဍ ကိုယ်စားပြု အမျိုးသားအဆင့် အဖွဲ့အစည်းကြီး (National Apex Organization)လည်းဖြစ်ကြောင်း။

> နိုင်ငံတကာ စီးပွားရေးနယ်ပယ်တွင် မိတ်သစ် ဆွေသစ် ကုန်သွယ်ဖက်များ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အသင်းကြီး၏ လုပ်ဆောင်မှုများသည် နိုင်ငံ့စီးပွားတိုးတက်ရေး၊ ပုဂ္ဂလိကကဏ္ဍ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အရေးပါသကဲ့သို့ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မည့် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေပြီး ပုဂ္ဂလိကကဏ္ဍတစ်ရပ်လုံးကို ကမ္ဘာ့အဆင့်မီ မြှင့်တင်ပေးရန် အထောက်အကူပြုခဲ့သည်ကို တွေ့မြင်ရကြောင်း၊ မြန်မာနိုင်ငံနှင့် ပတ်သက်နေသည့် ပထဝီ စီးပွားရေး အခွင့်အလမ်းများအပေါ် နိုင်ငံအသီးသီးက စိတ်ဝင်စားလာသည့် ယခုအချိန်တွင် အသင်းချုပ်ကြီးသည် နိုင်ငံတကာမှ မိတ်ဖက်အသင်းများ၊ ဒေသတွင်း အသင်းအဖွဲ့များနှင့် ရင်ပေါင်တန်း ဆောင်ရွက်ထားနိုင်ရေးကိုလည်း ကြိုးပမ်းသွားကြရမည်ဖြစ်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ်တွင် "နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၌ အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-Based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး" ဆိုသည့် ဦးတည်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကြိုးပမ်းအားထုတ်မှုသည် အရေးကြီးသကဲ့သို့ ကုန်သည်စက်မှုအသင်းချုပ်အပါအဝင် ညီနောင်အသင်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည်လည်း အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ အထူးသဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ပို့ကုန်တိုးမြှင့်ရေးတွင် အသင်းအဖွဲ့များအနေဖြင့်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်ကိုလည်း တွေ့မြင်ရကြောင်း။

နိုင်ငံ့စီးပွား မြှင့်တင်ရေးတွင် ကုန်သွယ်မှုသာမက ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးသည်လည်း အရေးပါသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်ပသွင်းကုန် အစားထိုးနိုင်ရေး ပြည်တွင်းကုန်ထုတ်လုပ်မှုများ မြှင့်တင်နိုင်ရေးကို အားပေးဆောင်ရွက်လျက်ရှိနေကြောင်း၊ ကုန်သည်စက်မှုအသင်းချုပ်ဖြစ်သည့်အားလျော်စွာ ကုန်သွယ်မှုကဏ္ဍကို ကိုယ်စားပြုသည့် လုပ်ငန်းရှင်များသာမက စက်မှုကုန်ထုတ်လုပ်ငန်းရှင်များနှင့်ပါ ပူးပေါင်းပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သဖြင့် ကုန်ထုတ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအားစိုက် ဆောင်ရွက်ရန်လည်း မှာကြားလိုကြောင်း။

နိုင်ငံတကာ စီးပွားရေးနယ်ပယ်တွင် မိတ်သစ်ဆွေသစ် ကုန်သွယ်ဖက်များရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အသင်းကြီး၏ လုပ်ဆောင်မှုများသည် နိုင်ငံ့စီးပွားတိုးတက်ရေး၊ ပုဂ္ဂလိကကဏ္ဍ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အရေးပါသကဲ့သို့ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မည့် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေပြီး ပုဂ္ဂလိကကဏ္ဍတစ်ရပ်လုံးကို ကမ္ဘာ့အဆင့်မီ မြှင့်တင်ပေးရန် အထောက်အကူပြုခဲ့သည်ကို တွေ့မြင်

ရကြောင်း၊ မြန်မာနိုင်ငံနှင့် ပတ်သက်နေသည့် ပထဝီစီးပွားရေးအခွင့်အလမ်းများအပေါ် နိုင်ငံအသီးသီးက စိတ်ဝင်စားလာသည့် ယခုအချိန်တွင် အသင်းချုပ်ကြီးသည် နိုင်ငံတကာမှ မိတ်ဖက်အသင်းများ၊ ဒေသတွင်း အသင်းအဖွဲ့များနှင့် ရင်ပေါင်တန်းဆောင်ရွက်ထားနိုင်ရေးကိုလည်း ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် စီးပွားရေးဆိုင်ရာ မူဝါဒများကို ချမှတ်ဆောင်ရွက်ရာတွင် လက်ရှိဖြစ်ပေါ်ပြောင်းလဲနေသည့် အခြေအနေများပေါ်မူတည်ပြီး လိုက်လျောညီထွေဖြစ်မည့် မူဝါဒများ၊ လမ်းညွှန်မှုများကို လေ့လာသုံးသပ်ပြီးမှ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ချမှတ်ထားသည့် မူဝါဒလုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သည့် နေရာတွင် ပုဂ္ဂလိက အခန်းကဏ္ဍ၏ နားလည်သဘောပေါက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ရှိနေကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ချမှတ်ထားသည့် မူဝါဒလုပ်ငန်းစဉ်များကို မြေပြင်တွင် လက်တွေ့ အကောင်အထည်ဖော် လုပ်ကိုင်သည့်အခါ ကြုံတွေ့ရသည့် စိန်ခေါ်မှု၊ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် အမြဲအသင့်ရှိကြောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များဘက်မှလည်း အခက်အခဲများ၊ မူဝါဒဆိုင်ရာအကြံပြုတင်ပြချက်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် အများကိုကိုယ်စားပြုပြီး အရှိအတိုင်းတင်ပြခြင်းဖြင့် နိုင်ငံတော်ဘက်မှ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ညှိနှိုင်းဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် ပြည်တွင်းစားရေရိက္ခာဖူလုံရေး၊ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးမြှင့်တင် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အခန်း (၁)၊ ပုဒ်မ ၃၅ ပါ "နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်"ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများနှင့် ဈေးကွက်ဖွံ့ဖြိုးရေး၊ ဈေးကွက်သစ်များရရှိရေးနှင့် ဈေးကွက်ချဲ့ထွင်ရေးတို့ကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်စီးပွားရေးဝန်းကျင်တွင် ပုဂ္ဂလိကအခန်းကဏ္ဍသည် ပိုမိုများပြား အရေးပါလာမည်ဖြစ်သည့်အတွက် နိုင်ငံ၏ အခြေခံအချက်အလက်များအပေါ်မူတည်ပြီး နိုင်ငံ့စီးပွားရေးကို မည်သို့မည်ပုံ ဆောင်ရွက်သင့်သည်၊ မတူညီသည့် ဒေသအခြေအနေများအပေါ်မူတည်ပြီး ဒေသအလိုက် စီးပွားရေးကို မည်သို့ဆောင်ရွက်သင့်သည် စသည်များကို ဆွေးနွေးအဖြေရှာဖော်ထုတ်ပေးကြရန်ကိုလည်း မြန်မာနိုင်ငံ "စီးပွားရေး ပညာနှစ်(၁၀၀)" ရာပြည့် အထိမ်းအမှတ် အခမ်းအနားတွင် တိုက်တွန်းပြောကြားခဲ့သကဲ့သို့ အလေးထား ဖော်ထုတ်သွားရန်လည်း မှာကြားလိုကြောင်း။

ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၏ အကျိုးကို ကိုယ်စားပြုသည့် အစိုးရမဟုတ်သော အမျိုးသားအဆင့် ဦးဆောင်အဖွဲ့အစည်းကြီးဖြစ်သည့် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒပိုင်းဆိုင်ရာများ၊ လုပ်ငန်းစဉ်များ၊ အကြံဉာဏ်များ၊ နည်းပညာများ၊ ကြုံတွေ့နေရသောအခက်အခဲများ၊ ဦးစားပေးဆောင်ရွက်နိုင်ရန် ကိစ္စရပ်များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက်၊ နယ်ပယ်အလိုက် ပုဂ္ဂလိကကဏ္ဍ ကိုယ်စားပြုပြီး တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရန် လိုကြောင်း၊ နိုင်ငံတော်က ဖွဲ့စည်းထားသည့် ကော်မရှင်များ၊ ကော်မတီများသည်လည်း အသင်းချုပ်မှ အမှုဆောင်များ ထည့်သွင်းပါဝင်ဖွဲ့စည်းပေးထားသည့် အားလျော်စွာ ပုဂ္ဂလိကကဏ္ဍလုပ်ငန်းရှင်များ၏ ကောင်းမွန်သည့်အကြံပြုချက်များ၊ တင်ပြချက်များဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ကဏ္ဍအသီးသီး၊ နယ်ပယ်အသီးသီးကို ကိုယ်စားပြုသည့် ညီနောင်အသင်းအဖွဲ့များအနေဖြင့်လည်း ကုန်သည်စက်မှုအသင်းချုပ်၏ ဦးဆောင်မှုအောက်တွင် စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် လက်တွဲဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။

အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်အမှီသဟဲပြုပြီး နိုင်ငံတော်၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် ပုဂ္ဂလိကကဏ္ဍသည် အဓိက မောင်းနှင်အားတစ်ရပ်အနေဖြင့် ပါဝင်နေကြောင်း၊ လက်ရှိအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား ပေါင်းကူးပေးနေသည့် ဆွေးနွေးမှုပုံစံများမှ နိုင်ငံတော်၏ ဖွံ့ဖြိုး

တိုးတက်မှုနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် သိသာမြင်သာရှိသည့်ရလဒ်များ ပေါ်ထွက်သည်အထိ လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အစိုးရနှင့် ပုဂ္ဂလိကအကြားတွင် သဟဇာတ ပိုမိုဖြစ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း။

ယနေ့ ကုန်သည်စက်မှုအသင်းချုပ်က ကျင်းပသည့် (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် နိုင်ငံတော်အစိုးရ၊ နိုင်ငံတကာသံရုံးများနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ စုံညီစွာတက်ရောက်လာကြသည်ကို တွေ့ရှိရခြင်းသည်လည်း မြန်မာ့ပုဂ္ဂလိကကဏ္ဍ၏ ခိုင်မာမှုနှင့် ယုံကြည်မှုတို့ကို ထင်ဟပ်စေကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်နိုင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပြည်တွင်းစီးပွားရေးကဏ္ဍများ ပိုမိုသန်မာလာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ နည်းပညာအသစ်များနှင့် နိုင်ငံတကာ စီးပွားရေး အလေ့အကျင့်ကောင်းများကို လက်ဆင့်ကမ်းသင်ယူနိုင်ရေးတို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် မရှိမဖြစ် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ မြန်မာနိုင်ငံတွင် အပြန်အလှန်အကျိုးရှိမည့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်တစ်ရပ် ဖော်ဆောင်ရာတွင် နိုင်ငံတကာမှ မိတ်ဆွေများ၊ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဆက်လက်အရှိန်အဟုန်မြှင့်တင်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း။

ယနေ့ကျင်းပသည့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်မှသည် ရွှေရတု၊ စိန်ရတု နှစ်ပေါင်းများစွာတိုင် နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် တိုင်းပြည်သာယာဝပြောရေးတို့အတွက် နိုင်ငံတော်နှင့် လက်တွဲပြီး ဆက်လက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပုဂ္ဂလိကကဏ္ဍတောင့်တင်းခိုင်မာဖွံ့ဖြိုးပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို ဆတက်ထမ်းပိုးအထောက်အကူပြု ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်ပြောကြားရာတွင် နိုင်ငံတစ်ခု၏ ချမ်းသာကြွယ်ဝမှုကို GDP ဖြင့် တိုင်းတာကြကြောင်း၊ GDP ကို လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများဖြင့် တိုင်းတာခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ GDPမှာ အားနည်းနေသေးကြောင်း၊ မိမိတို့နိုင်ငံတွင် လယ်ယာကဏ္ဍသည် အဓိကကျပြီး လယ်ယာကဏ္ဍမှတစ်ဆင့် စက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာကဏ္ဍဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသူများဖြစ်သဖြင့် လယ်ယာကဏ္ဍကို မြှင့်တင်ပေးခြင်းဖြင့် အခြားစီးပွားရေးကဏ္ဍများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

ကုန်သွယ်ရေးနှင့်ပတ်သက်၍ ထုတ်ကုန်ပစ္စည်းများ၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများ၊ အထည်ချုပ်ဆိုင်ရာ ထုတ်ကုန်များရှိကြောင်း၊ သယံဇာတပစ္စည်းများ ထုတ်ယူသုံးစွဲရာတွင်လည်း ပြန်လည်ဖြည့်တင်းနိုင်သည့် သယံဇာတများဖြစ်သော သစ်နှင့် ဝါးထုတ်လုပ်ရေးလုပ်ငန်းများ၊ ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကထား ဆောင်ရွက်သွားရန်လိုကြောင်း၊ ထုတ်ကုန်ပစ္စည်းများရှိမှသာ ပို့ကုန်ပစ္စည်းများ ရရှိမည်ဖြစ်ကြောင်း၊နိုင်ငံတော်အနေဖြင့် ချမှတ်ထားသည့် ဆောင်ပုဒ်သုံးခုတွင်“နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့”ဟု ပါဝင်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုများ မြှင့်တင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် လယ်ယာစိုက်ပျိုးရေး ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ အားနည်းနေသေးကြောင်း၊ ပန်းတိုင်ရည်မှန်းချက်များပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၈ ဘီလီယံ ပိုမိုရရှိနိုင်မည်ဖြစ်ပြီး သီးထပ်များပါ စိုက်ပျိုးနိုင်မည်ဆိုပါက အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံခန့် ပိုမိုရရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုများ တိုးမြှင့်ဆောင်ရွက်ပြီး ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် နိုင်ငံခြားငွေများ လုံလောက်စွာ ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများ တိုးတက်လာစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း။

အထည်ချုပ်လုပ်ငန်းများနှင့်ပတ်သက်၍လည်း ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၄၆ ရာခိုင်နှုန်းသည် ဆင်းရဲမွဲတေမှု

စာရင်းတွင် ပါဝင်သည်ကို ကုလသမဂ္ဂ၏ အစီအရင်ခံစာ အရသိရှိရကြောင်း၊ အဓိကအားဖြင့် ကျေးလက်နေပြည်သူ များ၏ စီးပွားရေးကို တွက်ချက်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေး တိုးတက်ရေး လယ်ယာထွက်ကုန်များ ပိုမိုတိုးတက် ထွက်ရှိအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးကောင်းမွန်လာပြီး လူနေမှုအဆင့်အတန်းများ မြင့်မားကာ ဝယ်လိုအားနှင့် ရောင်းလိုအားများ ကောင်းမွန် လာမည်ဖြစ်ကြောင်း၊ စက်မှုလက်မှု လုပ်ငန်းရှင်များ အနေဖြင့် ကျေးလက်ဒေသ စီးပွားရေး မြင့်မားလာစေ ရေးနှင့် လူနေမှုဘဝများ မြင့်မားလာစေရေး ဝိုင်းဝန်း ဆောင်ရွက်ပေးကြရန်လိုကြောင်း။

ကုန်သွယ်မှုအခွန်နှင့်ပတ်သက်၍ အချို့နေရာများတွင် အားနည်းချက်များရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ အနေဖြင့် ကုန်သွယ်ခွန်နှင့်ပတ်သက်၍ အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံခြားငွေ နှင့်ပတ်သက်၍ မိမိတို့ စတင်တာဝန်ယူချိန်မှစတင်၍ စနစ်တကျဆောင်ရွက်ခဲ့ကြောင်း၊ အခွန်ငွေနှင့်ပတ်သက်၍ မကြာမီကာလအတွင်း လျှော့ချဆောင်ရွက်သွားရန်ရှိ ကြောင်း၊ နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်၍ အကောင်းဆုံး ဖြစ်အောင် မိမိတို့အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်မှလည်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များ အသင်းအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ကြစေလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်မှု ရှိစေရေး၊ တစ်ဧကချင်း အထွက်နှုန်းများ တိုးတက်စေ ရေး၊ တန်ဖိုးကောင်းသည့် ကောက်ပဲသီးနှံများ စိုက်ပျိုး နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပေါ်ဆန်းမွှေး စပါးနှင့်ကော်ဖီသည်လည်း ပြည်ပဈေးကွက်ရှိပြီးဖြစ်ကြောင်း၊ ပြည်ပဈေးကွက်ရရှိနိုင်သည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြ ရန်လိုကြောင်း၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များ အသင်းချုပ်သည် တစ်နိုင်ငံလုံးကိုကိုယ်စားပြု ပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် နိုင်ကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး မဖြစ်မနေဆောင်ရွက်ရန်နှင့် လုပ်ငန်း များ မှန်မှန်ကန်ကန်ဖြစ်စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်ကုန်များ ထုတ်လုပ်ရောင်းချရာတွင် ဈေးနှုန်းများ မှန်မှန်ကန်ကန်ရှိစေရေးနှင့် ထုတ်ကုန်များ အရည်အသွေး ပြည့်မီမှုရှိစေရေး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံ အတွင်း ဆင်းရဲမွဲတေမှု လျှော့ချရေးသည် နိုင်ငံ၏ ဂုဏ်သိက္ခာ လိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါ ဂုဏ်သိက္ခာကို ဖြည့်ဆည်းပေးနိုင်ရေး နိုင်ငံ့စီးပွားမြှင့် တင်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ အဓိက အားဖြင့် ပြည်သူများ၏ ဝယ်လိုအားတက်လာစေရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့် မှုနှင့်ပတ်သက်၍ ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင် ခြင်းဖြင့် ရောင်းလိုအားနှင့် ဝယ်လိုအား မျှတလာမည် ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းဆောင်ရွက် နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ၏ စားဝတ်နေရေး အတွက် အဓိကလိုအပ်သည့် ကုန်ပစ္စည်းများအား ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချပေးကြရန်လိုကြောင်း၊ နိုင်ငံ့စီးပွားရေးကောင်းမွန်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည် ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေးကောင်းမွန်အောင် ကုန်ထုတ် လုပ်မှုများ တိုးတက်စေရေး အားလုံးကဝိုင်းဝန်းဆောင်ရွက် ကြရန်လိုကြောင်း ပြောကြားသည်။

■ ■ ■

# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက်(ရန်ကုန်) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း

( ၃၀ - ၁၁ - ၂၀၂၅ )





ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိအာကာသပြတိုက်(ရန်ကုန်) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် ဖွင့်လှစ်ပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ရန်ကုန်မြို့တော်ဝန်၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်မည့် နေရာသို့ ရောက်ရှိကြရာ နိုင်ငံတကာသံတမန်များ၊ တာဝန်ရှိသူများနှင့် ကျောင်းသားကျောင်းသူများက ခရီးဦး ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အာကာသပြတိုက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ Myanmar Space Agency အမှုဆောင်အရာရှိချုပ် ဒေါက်တာ စိုးမြင့်မောင်နှင့် ရန်ကုန်မြို့တော်ဝန် ဦးဘိုဌေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများက ပြတိုက်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ပြတိုက်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယခင် နက္ခတ်တာရာပြခန်းတွင် အသုံးပြုခဲ့သော GOTO Planetarim Analog Projection System ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အာကာသ

ပြတိုက်(ရန်ကုန်)ရှေ့တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ပြတိုက်အတွင်းရှိ Deep Space Exploration ပြခန်း၊ Space Station ပြခန်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ အာကာသတွင်းသို့ ခေတ်အဆက်ဆက် လွှတ်တင်ခဲ့သည့် ဒုံးပျံများနှင့် အာကာသယာဉ်ပုံစံငယ်များ၊ အာကာသတွင်း လှည့်ပတ်သွားလာလျက်ရှိသည့် ဂြိုဟ်တုပုံစံငယ်များ၊ ဒုံးပျံလွှတ်တင်ရေးစခန်းမှ ဒုံးပျံလွှတ်တင်မှုသရုပ်ပြသမှုများကို လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မိန့်ခွန်းပြောကြားရာ၌ ယနေ့တွင် အာကာသပြတိုက်(ရန်ကုန်)ကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သဖြင့် မိမိတို့နိုင်ငံတွင်ရှိသည့် ကျောင်းသား၊ ကျောင်းသူ၊ မျိုးဆက်သစ်လူငယ်များအနေဖြင့် စာအုပ်များတွင် ဖတ်ခဲ့ရသည့်၊ ရုပ်သံများတွင် မြင်တွေ့ခဲ့ရသည့် အာကာသတွင်း စေလွှတ်မည့် ဒုံးပျံများ၊ အာကာသတွင် လှည့်ပတ်သွားလာမည့် ဂြိုဟ်တုများ၊ အာကာသတွင်းစူးစမ်းလေ့လာမည့် အာကာသယာဉ်နှင့် ယာဉ်မှူးများ၊ ဂြိုဟ်များ၊ နက္ခတ်တာရာများ အစရှိသည့် အာကာသဆိုင်ရာ ဗဟုသုတအကြောင်းအရာများကိုယခုပြတိုက်အတွင်း၌ တစုတစည်းတည်း စူးစမ်းလေ့လာခွင့်ရနိုင်တော့မည်ဖြစ်ကြောင်း။

အာကာသပြတိုက်ကို မိမိတို့ နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ အာကာသနှင့် သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများကို နိုးကြားစေမည့်၊ ၎င်းတို့သင်ကြားနေသည့်ကျောင်းသင်ခန်းစာများကိုကျော်လွန်ပြီး အာကာသနှင့် သိပ္ပံဆိုင်ရာ အိပ်မက်အသစ်များကို မွေးဖွားပေးမည့် နေရာတစ်ခုဖြစ်လာစေရေးအတွက် ရည်ရွယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ် တည်ဆောက်ရာတွင် အာကာသသိပ္ပံပညာနှင့် အသုံးချနည်းပညာများသည် တစ်နေ့တခြား ပိုမိုအရေးပါလာသည် ဖြစ်သည့်အတွက် မိမိတို့နိုင်ငံတွင် အာကာသနည်းပညာများ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်း ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိကြောင်း။

အာကာသပြတိုက်မှ ရရှိလာသည့် အာကာသနည်းပညာဆိုင်ရာစိတ်ကူးစိတ်သန်းများနှင့်လှုံ့ဆော်မှုများကြောင့် မြန်မာနိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုနိုင်မည့် အနာဂတ်၏ အာကာသယာဉ်မှူးများ၊ သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများနှင့် ကဏ္ဍအလိုက်ပညာရှင်များလည်း ပေါ်ထွက်လာမည်ဟု ယုံကြည်မိကြောင်း။

မိမိတို့အနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံအစိုးရတို့ ၁၉၈၇ ခုနှစ်က ပူးပေါင်းတည်ဆောက်ခဲ့သည့် နက္ခတ်တာရာပြခန်းကို ယခုကဲ့သို့ အာကာသပြတိုက်အဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပြုပြင်ခဲ့ခြင်းဖြစ်ပြီး ယခင်အသုံးပြုခဲ့သည့် စက်ပစ္စည်း Analog Projection System များ နေရာတွင် ခေတ်မီ စက်ပစ္စည်းများဖြစ်သည့် Digital Projection System များဖြင့် အစားထိုးလဲလှယ်ခြင်း၊ အာကာသနှင့် နက္ခတ်တာရာဆိုင်ရာ ပြခန်းများ၊ အာကာသစခန်းများနှင့် အခြားအာကာသနည်းပညာဆိုင်ရာပြခန်းများ အစရှိသည့် စိတ်ဝင်စားဖွယ် ပြခန်းနေရာများကို ထပ်မံထည့်သွင်းပြသခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် လူမှုစီးပွား ဖွံ့ဖြိုးရေးကဏ္ဍများတွင် အာကာသနည်းပညာများကို ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် အသုံးချနိုင်ရေးအတွက် မြန်မာအာကာသအေဂျင်စီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ရေတို/ရေရှည် စီမံကိန်းများသတ်မှတ်ပြီး စတင် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရှင်လူငယ်များအနေဖြင့် ထိုကဲ့သို့အာကာသနည်းပညာလုပ်ရှားမှု အစီအစဉ်များတွင် ပါဝင်နိုင်မည့် အခွင့်အလမ်းများကိုလည်း မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းနေရာတွင် သာဓကတစ်ခုအနေဖြင့် စက်တင်ဘာလက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆီးရီးယပ်မြို့တွင် ကျင်းပခဲ့သည့် Open World Astronomy Olympiad (OWAO–25) ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်လူငယ်ခြောက်ဦးနှင့် International Olympiad on Climate Changeand Environmental Issues (IOCE–2025)

ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် လူငယ်ငါးဦး၊ စုစုပေါင်းလူငယ် ၁၁ ဦးကို စေလွှတ်ယှဉ်ပြိုင်စေခဲ့ရာ သက်ဆိုင်ရာ ပြိုင်ပွဲများအလိုက် ထိုက်တန်စွာ ယှဉ်ပြိုင်နိုင်ခဲ့ကြပြီး အောင်မြင်မှုအသီးသီးဖြင့် ဆုတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

နည်းပညာခေတ်ဖြစ်သည့် ယနေ့ မျက်မှောက်ကာလတွင် အာကာသနှင့် ဂြိုဟ်တုနည်းပညာများသည် အချိန်နှင့်အမျှ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး လူသားမျိုးနွယ်၏ အကျိုးကို ဖော်ဆောင်ပေးနိုင်မည့် အာကာသသုတေသနလုပ်ငန်းများကို အပြိုင်အဆိုင် ပူးပေါင်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ထိုကဲ့သို့ သုတေသနလုပ်ငန်းများမှ ရရှိလာသည့် အကျိုးရလဒ်များဖြစ်သည့် အာကာသသိပ္ပံနှင့် အသုံးချနည်းပညာ၊ ဂြိုဟ်တုနည်းပညာများကို နိုင်ငံ၏ ကာကွယ်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် နိုင်ငံ့စွမ်းအားကို ဖြစ်စေမည့် ဘက်စုံအခန်းကဏ္ဍအသီးသီးတွင် အကျိုးရှိစွာ အသုံးချနေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ အလွန်အရေးပါသည့် အာကာသသိပ္ပံနှင့် နည်းပညာရပ်များတွင် နိုင်ငံတကာနှင့်ယှဉ်ပြီး ရင်ပေါင်တန်းနိုင်ရန်၊ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် မျိုးဆက်သစ် လူငယ်လူရွယ်များကို ပြုစုပျိုးထောင် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း။

ယနေ့တွင် အာကာသပြတိုက်ကြီးကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သောကြောင့် မျိုးဆက်သစ်လူငယ်များ အနေဖြင့် မျက်မှောက်ခေတ် အာကာသနယ်ပယ်၏ စိန်ခေါ်မှုနှင့် အခွင့်အလမ်းအသစ်များတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး စိတ်ကူးစိတ်သန်းများကို မွေးဖွားကာ အကောင်အထည်ဖော်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း၊ အနာဂတ်ကာလ အာကာသအသုံးချနယ်ပယ် အသီးသီးတွင် နိုင်ငံတော်က ဂုဏ်ယူအားထားရမည့် သုတေသနပညာရှင်များ၊ အင်ဂျင်နီယာများ၊ အာကာသယာဉ်မှူးများ၊ ဘက်စုံကဏ္ဍအလိုက် ကျွမ်းကျင်ပညာရှင်များနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာမည်ဟုလည်း ယုံကြည်ပါကြောင်း ပြောကြားသည်။

■ ■ ■

# ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ
# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေးပို့ခဲ့သည့်
# သဝဏ်လွှာများ

# နှစ် (၇၀)ပြည့် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

## ( ၇ - ၁၁ - ၂၀၂၅ )

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား -**

ယနေ့ကျရောက်သည့် နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့၏ နေ့ထူးနေ့မြတ်အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူညီအစ်ကို မောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး လိုအင်ဆန္ဒများ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်ဘာသာစကားများကို ပိုင်ဆိုင်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်ပါသည်။ နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးတို့သည် နိုင်ငံ၏ နေရာဒေသအသီးသီးတွင် ယှဉ်တွဲစုပေါင်း၍ စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့သည်ကို သမိုင်းအထောက်အထားများက ခိုင်မာစွာသက်သေပြလျက်ရှိပါသည်။

ကရင်ပြည်နယ်တွင်လည်း ကရင်တိုင်းရင်းသားတို့သည် ရှေးယခင်ကတည်းကပင် အခြား ပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့်အတူ ချစ်ခင်ရင်းနှီးစွာ အတူတကွ နေထိုင်လာခဲ့ကြပါသည်။ ၁၈၈၅ ခုနှစ်တွင် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး ကိုလိုနီနယ်ချဲ့လက်အောက်သို့ကျရောက်ခဲ့ရသည်။ ထိုသို့လွတ်လပ်ရေးဆုံးရှုံးပြီးနောက် ပြည်ထောင်စုကြီး၏ ဒေသအသီးသီးတွင် နေထိုင်သည့် တိုင်းရင်းသားလူမျိုးများသည် သူ့ကျွန်မခံလိုသည့်စိတ်ဓာတ်ဖြင့် ကိုလိုနီနယ်ချဲ့တို့ကို တွန်းလှန်တိုက်ထုတ်ခဲ့ကြပြီး လွတ်လပ်ရေးကို အတူတကွ ရယူခဲ့ရာတွင်လည်း ကရင်တိုင်းရင်းသားများသည် မျိုးချစ်စိတ်ဓာတ်ဖြင့် တိုက်ပွဲဝင်ခဲ့ကြပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းနှင့် ပြည်နယ်များ ဖွဲ့စည်းတည်ထောင်ခဲ့ရာ ကရင်တိုင်းရင်းသား အများစုနေထိုင်သည့် ဒေသများကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ပေးရန် စတင်ဆောင်ရွက်ခဲ့ကြပါသည်။

၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ချက် အက်ဥပဒေအမှတ် ၆၂ အရ သံလွင်ခရိုင် ဖာပွန်ဒေသကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့ပါသည်။ ယင်းနောက် ၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ် တိုးချဲ့သတ်မှတ်ရေး အက်ဥပဒေအမှတ် ၁၄ အရ သံလွင်ခရိုင်နှင့်ဆက်စပ်ဒေသများဖြစ်သည့် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဘားအံမြို့နယ်နှင့် သံတောင်ကြီးမြို့နယ်တို့ကို ဒုတိယအဆင့်တိုးချဲ့သတ်မှတ်ခဲ့ပြီး ၆ မြို့နယ်ဖြင့်လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်၊ မတ်လ ၁ ရက်နေ့တွင် မြဝတီမြို့အား မြို့နယ်တစ်ခုအဖြစ် သတ်မှတ်ခဲ့၍ စုစုပေါင်းမြို့နယ် ၇ မြို့နယ်ဖြင့်လည်းကောင်း အဆင့်ဆင့် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ကရင်ပြည်နယ်ကို မွေးဖွားသန့်စင်ခဲ့သည့်နေ့ ရာသီအချိန်အခါအရ ဆောင်းဦးကာလ၊ သာယာသည့်အချိန်အဖြစ် သတ်မှတ်ကာ ၁၉၅၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်မှစတင်၍ ကရင်ပြည်နယ်နေ့ကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ဂုဏ်ယူကျင်းပလာခဲ့သည်မှာ ယနေ့ဆိုလျှင် နှစ် (၇၀)ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

ကရင်ပြည်နယ်အတွင်းတွင် ကရင်တိုင်းရင်းသားများနှင့်အတူ ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ မွန် အစရှိသည့် တိုင်းရင်းသားများသည် အတူတကွ ချစ်ကြည်အေးချမ်းစွာ နေထိုင်လျက်ရှိကြပါသည်။ ကရင်ပြည်နယ်သည် နိုင်ငံ၏ အရှေ့တောင်ဘက်တွင် တည်ရှိပြီး ရာသီဥတုမျှတကောင်းမွန်၍ သဘာဝအရင်းအမြစ်များဖြစ်သည့် မြစ်ချောင်းများ၊ ရေတံခွန်စိမ့်စမ်းများ၊ မြင့်မားစိမ်းစိုသည့် တောင်တန်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများရှိသည့်အပြင် ဇွဲကပင်တောင်၏ သဘာဝအလှတရားသည်လည်း ကရင်ပြည်နယ်၏ အမှတ်သင်္ကေတတစ်ခု

အဖြစ်တည်ရှိပါသည်။ ထို့အပြင် တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းအမွေအနှစ်များဖြစ်သည့် စေတီပုထိုးများနှင့် လှပသောသဘာဝလိုဏ်ဂူများ၊ ချစ်ခင်မြတ်နိုးဖွယ်ရာ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများကို ပိုင်ဆိုင်ထားသည်မှာ ဂုဏ်ယူဖွယ်ရာ ဖြစ်ပါသည်။ ကရင်တိုင်းရင်းသားဆိုသည်နှင့် ရွှင်မြူးတက်ကြွဖွယ် ကရင်ဒုံးအကသည် ဖားစည်သံနှင့်အတူ ဖွဲကပင်တောင်တည်ရှိရာ နေရာ အထင်ကရဒေသအဖြစ် ပြည်တွင်း၌သာမက ပြည်ပတွင်ပါ ထင်ရှားပါသည်။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှု အမွေဆိုးကြောင့် တိုင်းရင်းသားညီနောင်များအချင်းချင်း အထင်အမြင်လွဲမှားကာ ကရင်ပြည်နယ်အတွင်းတွင်လည်း လက်နက်ကိုင်ပဋိပက္ခများဖြင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့သည်မှာ ယခုတိုင်ဖြစ်ပါသည်။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်ခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးပြီး လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

သို့သော်လည်း ၂၀၂၀ ပြည့်နှစ် မဲမသမာမှုများကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ တပ်မတော်က တာဝန်ယူပြီးနောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့သည် အမှန်တရားကို မျက်ကွယ်ပြု၍ အကြမ်းဖက်မှုများ တိုးမြှင့်လုပ်ဆောင်လာခဲ့ကြသည်မှာ ကရင်ပြည်နယ်အပါအဝင် ဖြစ်ပါသည်။ ထို့ကြောင့် ယခင်က တည်ငြိမ်အေးချမ်းမှုရှိခဲ့ပြီး တိုင်းရင်းသားပြည်သူများ အေးချမ်းလွတ်လပ်စွာ သွားလာနေထိုင်ခဲ့သည့် ကရင်ပြည်နယ်ဒေသ အချို့မှာ ယခုအခါ တည်ငြိမ်အေးချမ်းမှုကင်းမဲ့ပြီး ပြည်သူများ ဆင်းရဲဒုက္ခခံစားနေရသည်မှာ ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ပါသည်။ ထို့ကြောင့် အမှန်ကို အမှန်အတိုင်းရှုမြင်ပြီး ပြည်နယ်အေးချမ်းသာယာရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်ကြရန် အချိန်အခါဖြစ်ကြောင်း သက်ဆိုင်သူများအား အသိပေးပြောကြားလိုပါသည်။

နိုင်ငံတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရှိလာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အခက်အခဲများကြားမှ ပိုမိုကြိုးစားဆောင်ရွက်သွားမည်သာ ဖြစ်ပါသည်။ ထို့ပြင် “ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး” ဟူသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်များနှင့်အညီ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် မြို့နယ်(၁၀၂)မြို့နယ်၌ စတင်ကျင်းပပြုလုပ်မည်ဖြစ်ပြီး၊ အပိုင်း(၂)ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် မြို့နယ်(၁၀၀) မြို့နယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ကာ ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက် နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီး ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးဆန္ဒမဲပေးပိုင်ခွင့် ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသော၊ ဂုဏ်သိက္ခာရှိသော အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးအတွက် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာ ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိပါသည်။ ရွေးကောက်ပွဲအောင်မြင်ရန်မှာ ဒေသလုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ပါသည်။ မဲဆန္ဒရှင် ပြည်သူများအနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူများလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီ စနစ်ကို လျှောက်လှမ်းနိုင်ရေး ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းပြောကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ တိုင်းရင်းသား ညီအစ်ကို မောင်နှမများခင်ဗျား**

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်

ဆောင်ရွက်ရာတွင် စီးပွားရေးနှင့် ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်စေရေး စသည့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ တိုးတက်အောင်မြင်မှုရရှိစေရန် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများကို နည်းပညာနှင့် ပေါင်းစပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိပြီး နိုင်ငံ့စီးပွားရေးကို တိုးတက်စေမည်ဖြစ်ပါသည်။ ကရင်ပြည်နယ်အတွင်း အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော MSME လုပ်ငန်းများကို ပြည်နယ်အစွန်အဖျားပါမကျန် အကြားအလပ်မရှိ ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သည့်အတွက် ကရင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ အဖွဲ့များကလည်း နိုင်ငံ့စီးပွား မြှင့်တင်ရေးကို အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝများ တိုးတက်စေရေး၊ လူတိုင်း ကျန်းမာရေးကောင်းမွန်စေရေး၊ ပညာရေးကောင်းမွန်ပြီး အလုပ်အကိုင်များ ရရှိကာ လူတိုင်း ဝင်ငွေရရှိစေရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်စေရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူ တစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားတိုးတက်ရေးကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အလိုက်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ရည်မှန်းချက်များ ချမှတ်ပြီး အောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသော၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသော အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ အကြမ်းဖက်ဖျက်ဆီးမှုအန္တရာယ်များကိုလည်း တွန်းလှန်ချေမှုန်းလျက်ရှိရာ တိုင်းရင်းသားပြည်သူများကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် အလေးထား တိုက်တွန်းအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများနှင့်အတူ နိုင်ငံနှင့် လူမျိုးအပေါ် ကျရောက်လာမည့် မည်သည့်အခက်အခဲ အကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားများ၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အခြေခံတို့ဖြင့် လက်တွဲညီညီ ပူးပေါင်းရင်ဆိုင်ကျော်လွှားနိုင်ကြမည်ဟု ယုံကြည်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား**

ယခုထက်ပို၍ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ကရင်ပြည်နယ် ဖြစ်ပေါ်လာစေရေးအတွက် ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ထို့ပြင် ယနေ့အချိန် တွင် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသော နိုင်ငံတော်ကြီးအား စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် တွေ့ကြုံလာရမည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ကြံ့ကြံ့ခံကျော်လွှားပြီး တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး၏ စုပေါင်းစွမ်းအားဖြင့် ကြိုးပမ်း ဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ပြည်သူအားလုံး ယနေ့ကျရောက်သော နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ရယူခံစားနိုင်သူများဖြစ်ကြပါစေ၊ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ဂုဏ်ယူဖွယ်ရာ ပြည်နယ်ကြီးအဖြစ် တည်ရှိနေစေရေး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ဖော်ဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်
အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်

■ ■ ■

# ၂၀၂၅ ခုနှစ် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာ

( ၁၄ - ၁၁ - ၂၀၂၅ )

**ချစ်ခင်လေးစားရပါသော မိဘပြည်သူများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား**

ယနေ့ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက်တွင် ကျရောက်သည့် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခါသမယ၌ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး မင်္ဂလာ အပေါင်းခညောင်းပြီး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော သုခတို့နှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါသည်။

ဤနေ့သည် မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့အင်္ဂလိပ်တို့၏ လက်အောက်ကျရောက်ခဲ့စဉ်က အင်္ဂလိပ်တို့၏ ကိုလိုနီ ကျွန်ပညာရေးစနစ်ကို မြန်မာတစ်မျိုးသားလုံးက စည်းလုံး ညီညွတ်စွာ ဆန့်ကျင်တော်လှန်ခဲ့သည့် အထိမ်းအမှတ် သမိုင်းဝင် နေ့ထူးနေ့မြတ် ဖြစ်ပါသည်။

ကိုလိုနီခေတ်တွင် နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာ တို့ကို ၎င်းတို့၏ လက်အောက်ခံအဖြစ် ကျွန်သက်ရှည် စေရန် ပညာရေးစနစ်ကိုအသုံးချ၍ ဖိနှိပ်ခဲ့ကြပါသည်။ ၁၉၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၄ ရက်တွင် ဗြိတိသျှ အစိုးရကအတည်ပြုခဲ့သော ရန်ကုန်တက္ကသိုလ် အက်ဥပဒေ သည် မြန်မာလူမျိုးအများစု တက္ကသိုလ်ပညာသင်ယူခွင့် ရရှိရေးကို ခက်ခဲစေရန် ကန့်သတ်ရေးဆွဲပြဋ္ဌာန်းထား ခြင်းဖြစ်၍ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ် ကျောင်းသားများက စတင်ကာ တစ်နိုင်ငံလုံး အတိုင်း အတာဖြင့် ဆန့်ကျင်ခဲ့ကြပါသည်။

ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို တက္ကသိုလ် ကျောင်းသားများ ဆန့်ကျင်ကန့်ကွက်ခဲ့သည့် နေ့မှာ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ဖြစ်ပြီး မြန်မာတို့၏ အမျိုးသား ဇာတိမာန်စိတ်များ နိုးကြားရှင်သန်ပေါ်ပေါက်ခဲ့ရသော နေ့ထူးနေ့မြတ်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ရန်ကုန်မြို့၊ ဂျူဗလီဟောခန်းမ ကြီး၌ ၁၉၂၂ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့မှ ၁၈ ရက်နေ့အထိ စည်းဝေးကျင်းပခဲ့သော ဂျီစီဘီအေခေါ် မြန်မာအသင်းချုပ် ကြီး၏ အထူးညီလာခံက တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို "အမျိုးသားနေ့"အဖြစ် တညီတညွတ်တည်း စတင်သတ်မှတ်ခဲ့ကြပါသည်။ ထိုအချိန်မှစ၍ မြန်မာ့ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် စည်းလုံးညီညွတ်မှု သည် စွမ်းအားဖြစ်ကြောင်း သက်သေပြကမ္ပည်း စိုက်ထူ နိုင်ခဲ့ကြပါသည်။ အမျိုးသားအောင်ပွဲနေ့ အခမ်းအနား များကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ နှစ်စဉ်မပျက် ခမ်းနားကြီးကျယ်စွာ ကျင်းပခဲ့ကြရာ ယခု ဆိုလျှင် ၁၀၅ နှစ်တိုင်ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

**ချစ်ခင်လေးစားရပါသော မိဘပြည်သူများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား**

ကျွန်တော်တို့အနေဖြင့် တွေ့ကြုံခဲ့ရသော အတိတ်နှင့် ပစ္စုပ္ပန်ဖြစ်ရပ်များကို သင်ခန်းစာရယူကာ တန်ဖိုးမဖြတ် နိုင်သည့် ငြိမ်းချမ်းရေးအမွေအနှစ်များကို မျိုးဆက်သစ် လူငယ်များထံ လက်ဆင့်ကမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက် သွားကြရပါမည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံ သည့် ပြည်ထောင်စုကြီး လက်တွေ့အကောင်အထည်ဖော် တည်ဆောက်ရေးတွင် ပြည်သူတစ်ရပ်လုံးက တစ်စိတ် တစ်ဝမ်းတည်း ပူးပေါင်းပါဝင်ကြရေးမှာ အဓိကကျပါသည်။ သမိုင်းအစဉ်အလာကြီးမားသော အမျိုးသားအောင်ပွဲနေ့၏ စည်းလုံးညီညွတ်မှု အနှစ်သာရကို မပျက်ယွင်းစေဘဲ သတိရထိန်းသိမ်းလျက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စုစည်းမှုစွမ်းပကားဖြင့် ငြိမ်းချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ကြရမည် ဖြစ်ပါသည်။

စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ခိုင်မာ

စေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကိုဆောင်ရွက်ရန်မှာ ပြည်သူအားလုံး၏ ဆန္ဒပင်ဖြစ်ပါသည်။ ထိုသို့ တည်ဆောက်ရန်အတွက် သက်ဆိုင်ရာ ပုဂ္ဂိုလ်အားလုံးက ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုး၊ နိုင်ငံတော်၏အကျိုးကိုကြည့်၍ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန်လိုပါသည်။

နိုင်ငံနှင့်ပြည်သူအားလုံးအတွက်ကောင်းကျိုးဖော်ဆောင်နိုင်ရန်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးသည် အဓိကဖြစ်ပါသည်။ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး၌ စစ်မှန်၍ ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးကိုတည်ဆောက်ကာပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားရပါသော မိဘပြည်သူများနှင့်တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

နိုင်ငံတော်အစိုးရအနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့်ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ရာတွင် ကျောင်းနေအရွယ် ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် အနည်းဆုံး KG+9 ပြီးဆုံးသည်အထိ ကျောင်းနေနိုင်ရေးအတွက် အခမဲ့ပညာရေးစနစ်ကို ကျင့်သုံးလျက်ရှိပါသည်။ ပညာရေးသည် လူတစ်ဦး၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ ပင်ကိုစိတ်ဓာတ်နှင့် စံတန်ဖိုးများကို ဖွံ့ဖြိုးစေသော အခြေခံအင်အားဖြစ်သည်နှင့်အညီ လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်မှုကိုသာမက နိုင်ငံတစ်နိုင်ငံ၏အနာဂတ်ကိုပုံဖော်ပေးနိုင်ပါသည်။ ထို့ကြောင့်ကျောင်းသား၊ ကျောင်းသူ လူငယ်များအား ပညာရေးဖြင့် ကိုယ်ကျင့်တရားကောင်းမွန်ပြီး တာဝန်သိ၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှိသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါသည်။

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ပေးသွားကြရမည် ဖြစ်ပါသည်။ အဆိုပါ ကဏ္ဍများတွင် လိုအပ်သော လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်အတွက် ကျောင်းသားလူငယ်များအား အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားလေ့ကျင့်ပေးနိုင်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းပညာ ပြီးမြောက်ပြီးသူများကို စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး အသက်မွေးဝမ်းကျောင်း အတတ်ပညာများ သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်ရန် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ် သင်ကြားပေးလျက်ရှိပါသည်။

ထိုမှတစ်ဆင့် အသိပညာ၊ အတတ်ပညာနှင့် စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံ့သားကောင်း ထူးချွန်ပညာရှင်များ ပေါ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ဆရာ၊ ဆရာမများကလည်း ပညာသင်ကြားပေးရုံသာမက ဗလငါးတန်နှင့် ပြည့်စုံသော၊ အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်ပါသည်။ သို့မှသာ အသိပညာ အတတ်ပညာ ပြည့်စုံပြီး ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်သွားနိုင်မည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားရပါသော မိဘပြည်သူများနှင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ဦးချင်းစီ၏ အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်၊ ဗဟုသုတ ပြည့်ဝစေခြင်းဖြင့် အမျိုးသားပညာရေးကို မြှင့်တင်ပေးရမည်ဖြစ်ပါသည်။ အထူးသဖြင့် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းနေသည့် ယနေ့ကာလတွင် တိုင်းရင်းသားပြည်သူများအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်ကာ အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့် လူမျိုးအကျိုး သယ်ပိုးဆောင်ရွက်ရန် အရေးကြီးပါသည်။ ထို့အပြင် ပညာရေးမှ ရရှိလာသည့် စဉ်းစားဆင်ခြင် သုံးသပ်နိုင်စွမ်းနှင့် ပြဿနာကို ဖြေရှင်းနိုင်စွမ်းကလည်း နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ စီးပွားရေး၊ လူမှုရေး စသည့် နယ်ပယ်အသီးသီးတွင် များစွာအထောက်အကူပြုသော ပင်ကို

အရည်အချင်းများပင် ဖြစ်ပါသည်။

အသိပညာ အတတ်ပညာပြည့်စုံသော ပညာတတ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ကြရပါမည်။ နိုင်ငံသားတိုင်း အခြေခံပညာ သင်ယူပြီးမြောက်စေရေးအတွက် လူတိုင်း ပညာသင်ယူခွင့်ရရှိရေးနှင့် လူတိုင်းအကျိုးဝင်ပညာရေးကိုအားပေးလျက်ရှိပါသည်။ အမျိုးသားပညာရေး မြှင့်တင်ရေးအတွက် အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးခြင်း၊ သင်ရိုးညွှန်းတမ်းများ ခေတ်နှင့်အညီ မွမ်းမံပြင်ဆင်ခြင်း၊ ဆရာ၊ ဆရာမများ သင်ကြားသင်ယူမှု အရည်အသွေးမြှင့်တင်ခြင်း၊ သင်ယူမှုအခွင့်အလမ်းများ တိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကာ ပညာရေးအသုံးစရိတ်များကို နှစ်စဉ်တိုးတက်သုံးစွဲလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရန် နိုင်ငံသားအားလုံးက ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ယနေ့ကာလသည် မိမိတို့နိုင်ငံအတွက် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အရေးကြီးသည့် အချိန်ဖြစ်ပါသည်။ ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ် အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို မကြာမီစတင်ကျင်းပတော့မည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်သည်သာဖြစ်ပါသည်။ မိမိတို့ လျှောက်လှမ်းရမည့် လမ်းကြောင်းအမှန်ဖြစ်သဖြင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ခင်လေးစားရပါသော မိဘပြည်သူများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား**

အမျိုးသားအောင်ပွဲနေ့သည် မြန်မာပြည်သူ ပြည်သားအားလုံး၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းတွင် ဇာတိသွေး၊ ဇာတိမာန် ရှင်သန်ထက်မြက် တက်ကြွလာစေရန် သန္ဓေတည်ပေးခဲ့သော နေ့တစ်နေ့ဖြစ်ပါသည်။ ဤသို့ထူးခြားလေးမြတ်လှသည့် အမျိုးသားအောင်ပွဲနေ့၌ "စည်းလုံးချစ်ကြည် လက်တွဲညီ ရွှေပြည်သစ်ဆီလှမ်းကြမည်" ဆိုသည့် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်နှင့်အညီ မြန်မာပြည်သူပြည်သားအပေါင်းတို့က ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံကာ သွေးစည်းညီညွတ်သော အမျိုးသားရေးအားမာန်များဖြင့် ထာဝရငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ရွှေပြည်သစ်ကြီးသို့ ပူးပေါင်းချီတက်သွားကြပါရန် အလေးအနက်ထားတိုက်တွန်းနှိုးဆော်အပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ယခုနှစ်အမျိုးသားအောင်ပွဲနေ့ဦးတည်ချက်များဖြစ်သည့်–

- ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- အသိပညာ အတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ရေး၊
- အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ခိုင်မာစေရေး၊
- အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

တို့ကို အောင်မြင်စေရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက တွဲလက်ညီညီ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းပါဝင်ကြပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို အောင်မြင်အောင် တည်ဆောက်ကြပါစို့ဟု အလေးအနက် တိုက်တွန်းအပ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်
အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်

■ ■ ■

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ
## ဦးတည်ချက် (၄) ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (**Agro-based Industries**) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ISBN 978-99986-56-40-6
9 789998 656406